ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 15 June 2023 ၁၁၁၂၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၄**

စစ်တွေမြို့သို့ ရောက်ရှိနေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမများ၌ ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား သီးခြားစီ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ မောင်တောမြို့နှင့်ဘူးသီးတောင်မြို့တို့မှ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကြီးကြပ်ရန် တာဝန်ပေးအပ်ထားသည့် အရာရှိကြီးများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘူးသီးတောင်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။



ကြေးမုံ

# လူမှုကွန်ရက်ပေါ်မှ လှည့်ဖြားအသုံးချမှုများသတိထား

မျက်မှောက်ကာလတွင် အများပြည်သူတို့အနေဖြင့် လူမှုကွန်ရက်ပေါ်မှ နည်းပညာများနှင့် ဆိုရှယ်မီဒီယာများကို အသုံးပြုနေကြသည်။ လူမှုကွန်ရက်သည် အများပြည်သူတို့ ပြောဆိုဆက်ဆံဆက်သွယ်မှု၊ လူမှုစီးပွားဘဝများ ချိတ်ဆက်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့်အသိပညာဗဟုသုတများ မျှဝေခံစားမှုတို့ကို ပြုလုပ်သည့်နေရာဖြစ်သည်။ လူမှုကွန်ရက်သည် လူသားကမ္ဘာတွင် ကောင်းကျိုးများကို ဆောင်ကြဉ်းနိုင်ရန် ဖန်တီးထားသည့် နည်းပညာကွန်ရက်တစ်ခုဖြစ်သည်။

သို့သော် လောကတွင် အကောင်း/အဆိုးတို့သည် ဒွန်တွဲဖြစ်ပေါ်နေလေ့ရှိသည်။ ကောင်းကျိုးများကို အကြောင်းပြု၍ ဆိုးကျိုးများလည်း တွဲဖက်ပါလာတတ်သည်။ ပြည်သူတို့အနေဖြင့် လူမှုကွန်ရက်ကို အသုံးပြုကြရာ၌ မိမိတို့ဘဝအတွက် အနှောင့်အယှက်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်တို့ကို သတိပြုရမည်ဖြစ်သည်။ နိုင်ငံရေးတွင် အများပြည်သူတို့ကို မှိုင်းတိုက်သွင်းပြီး လမ်းမှားရောက်အောင် ပို့ဆောင်ပေးနေသည့် လိမ်ညာလှည့်ဖြားမှုများ၊ မမှန်ကန်သောသတင်းအချက်အလက်များ၊ ချဲ့ကားဝါဒဖြန့်မှုများစသည်တို့ကို သတိပြုရမည်ဖြစ်သည်။ စီးပွားရေးတွင် လိမ်လည်လှည့်ဖြားပြီး အမြတ်ထုတ်လိုသည့်စီးပွားရေးလုပ်ငန်းများ၊ လောင်းကစားမှုအမျိုးမျိုး၊ လူမှုရေးတွင် လိမ်လည်လှည့်ဖြားပြီး ကိုယ်ကျင့်သိက္ခာဖောက်ဖျက်မှုများ၊ လူကုန်ကူးမှုများကို အထူးသတိပြုကြရမည်ဖြစ်သည်။

အထူးသဖြင့် လူမှုကွန်ရက်ပေါ်မှအကြောင်းအရာများကို ကြည့်ရှု၍ စိတ်ခံစားချက်များကို ထုတ်ဖော်တတ်ကြသည်။ လက်ရှိအခြေအနေအရ နိုင်ငံရေးကို အကြောင်းပြု၍ အွန်လိုင်းပေါ်၌ ဝေဖန်ပြောဆိုရှုတ်ချမှုများ၊ အားပေးအားမြှောက်ပြုလုပ်မှုများစသည်ဖြင့် တစ်မျိုးမဟုတ်တစ်မျိုး ပြုလုပ်တတ်ကြသည်။ ထိုအခါ မိမိတို့ဆောင်ရွက်မှုများသည် ဥပဒေနှင့်ငြိစွန်းမှုရှိ/မရှိ သတိပြုမိဖို့လိုသည်။ ဥပမာအားဖြင့် အကြမ်းဖက်ဆောင်ရွက်မှုတစ်မျိုးမျိုးနှင့်ပတ်သက်သည့် အကြောင်းအရာတစ်ခု၏အောက်တွင် မှတ်ချက်တစ်ခုခုပေးသည့် ထောက်ခံမှု၊ အားပေးအားမြှောက်မှု ပြုလုပ်သည့်အခါ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်ငြိစွန်းပြီး အရေးယူခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

စီးပွားရေးဘက်တွင် တစ်ဦးနှင့်တစ်ဦး ထိခိုက်နစ်နာအောင် အပုပ်ချမှုများ၊ မမှန်မကန်စွပ်စွဲဝေဖန်ပြောကြားမှုများ၊ လိမ်ညာမှုများသည် ဥပဒေနှင့်ငြိစွန်းသဖြင့် တရားစွဲခြင်း၊ အရေးယူခြင်းခံရနိုင်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ ယခု ၂၀၂၃ ခုနှစ်အထိ အွန်လိုင်းပေါ်တွင် အသရေဖျက်မှု ၂၄၈၅ မှု၊ ၂၀၁၉ ခုနှစ်မှ ယခု ၂၀၂၃ ခုနှစ်အထိ အွန်လိုင်းပေါ်မှ လိမ်လည်မှု ၅၂၆ မှုဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်သူများသည် အွန်လိုင်းကို အဓိကအားထားအသုံးပြုကြသည်။ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို နမူနာပြ ရောင်းဝယ်ဖောက်ကားကြသည်။ သို့သော် အချို့ဝိသမလောဘသားများသည် ကောင်းရောင်းကောင်းဝယ် ပြုလုပ်နေကြသူများ နည်းတူ ဟန်ဆောင်လိမ်ညာသော တစ်ကွက်ချန်နည်းလမ်းများဖြင့် လှည့်ဖြားရောင်းချခဲ့ကြရာ ပြည်သူများ အလိမ်မိ၍ နစ်နာသူများစွာရှိသည်။ အွန်လိုင်းပေါ်မှ စီးပွားရေးလိမ်ညာမှုများသည် မြန်မာနိုင်ငံရှိ ပြည်သူများအပြင် ခေတ်မီသည့်နိုင်ငံကြီးများပါ ဖြေရှင်း၍မရနိုင်လောက်အောင် အွန်လိုင်းလိမ်လည်မှုများ ကြီးထွားလာနေသည်ကိုတွေ့ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်မှစတင်ပြီး အွန်လိုင်းပေါ်တွင် အကြမ်းဖက်အားပေးမှုများ နေ့စဉ်မြင်တွေ့ရလျက်ရှိသည်။ အကြမ်းဖက်သမားများ၊ အကြမ်းဖက်သမားအားပေးသည့်မီဒီယာများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများကို နေ့စဉ်မြင်တွေ့နေရသည်။ ပြည်သူများအနေဖြင့် အကြမ်းဖက်သမားများနှင့်ပတ်သက်၍ မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ၊ ထောက်ခံ၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တစ်နည်းနည်းဖြင့် အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်/မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား ဥပဒေအရ သိမ်းဆည်းခံရနိုင်သည်ကို အသိပေးထားသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် လူမှုကွန်ရက်အမျိုးမျိုးတို့သည် ပြည်သူများကြားတွင် အလွန့်အလွန်ခေတ်စားလာပြီး ပြည်သူအများစုမှာ တွင်ကျယ်စွာအသုံးပြုနေကြသည်။ ထိုသို့အသုံးပြုကြရာတွင် မိမိတို့၏ကောင်းကျိုးအမျိုးမျိုးတို့ကို ကောင်းသောနည်းလမ်းများဖြင့် အသုံးပြုကြရန်လိုအပ်ပြီး ယခုအခါ အွန်လိုင်းပေါ်၌ တွင်ကျယ်စွာအသုံးချနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် ပတ်သက်သည့် လိမ်ညာလှည့်ဖြားမှုအန္တရာယ်များကိုလည်း အထူးသတိပြုရှောင်ရှားကြရန်လိုအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်သန့်စင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး ဒေါက်တာနီကိုလိုင်းလစ်စတိုပါဒွေါဗ်၏နေရာတွင် မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် အား ခန့်အပ်ရန်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ် ကို ၁၉၅၆ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၇၈ ခုနှစ်တွင် မော်စကိုနိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၈ ခုနှစ်တွင် ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံရှိဆိုဗီယက်သံရုံး၊ မလေးရှားနိုင်ငံရှိ ဆိုဗီယက်သံရုံးနှင့် အမေရိကန်ပြည်ထောင်စုရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတို့၌ သံတမန်ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်သည် တရုတ်၊ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားတစ်ဦးရှိသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၄ ရက် နံနက် ၈ နာရီက တန့်ယန်း-ပန်ဆန်း ကားလမ်းဘေး ရန်အောင်မြင်စေတီအနီး ထင်းရှူးစိုက်ခင်း၌ ကျင်းပရာ ကျွန်းပင် ၁၀၀၊ ထင်းရှူးပင် ၁၀၀၊ ရေသင်းဝင်ပင် ၁၀၀၊ ယမနေပင် ၁၀၀၊ ခါတော်မီပင် ၁၀၀ စုစုပေါင်း အပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၈,၀၀၀ | ၄၈၃ | ၃,၈၅၈,၁၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၅၀၀ | ၁,၄၅၀,၀၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၉,၆၀၀ | ၁၃,၉၂၀,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၅၄ | ၁၃၉,၈၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁၂၄ | ၃၀၈,၉၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၂၁၈ | ၁,၀၄၆,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မောင်တောမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘူးသီးတောင်မြို့နယ် နယ်မြေခံတပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှ

ပျက်စီးသွားသော အဆောက်အအုံများအတွက် ဆောက်လုပ်ရေးပစ္စည်းများ ဖြည့်ဆည်းပေးနေမှု၊ ရိက္ခာပြတ်လပ်မှုမရှိစေရေး စီမံထားရှိမှု၊ ပျက်စီးသွားသော ကျောင်းများ အမြန်ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုများကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုခါမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးအတွက် Disaster Management Centre–DMC ၏ ဆောင်ရွက်နေမှု အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ရုံး/ဌာနဆိုင်ရာ အဆောက်အအုံများအလိုက် ဦးစားပေးဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူများအားလုံး အမိုးအကာအောက်ရောက်ရှိရေး ဦးစားပေးဆောင်ရွက်နေသည့် အခြေအနေများ၊ မိုးရာသီတွင် စိုက်ပျိုးရေးအတွက် ထွန်ယက်မှုနှင့် မျိုးစေ့လိုအပ်မှုအတွက် စီမံဆောင်ရွက်ပေးမှု အခြေအနေများ၊ ဇွန် ၁ ရက်အမီ ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများ ပြုပြင်နေဆဲကာလ ကျောင်းသား ကျောင်းသူများ အမိုးအကာအောက်တွင် စာသင်ကြားနိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြို့နယ်များအလိုက် ဆက်သွယ်မှုကောင်းမွန်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရခိုင်ပြည်နယ်အတွင်း ၉၉ ရာခိုင်နှုန်း ပြီးစီးခဲ့မှုအခြေအနေများ၊ အခြေခံလူတန်းစား စားဝတ်နေရေး ပြေလည်စေရေး မုန်တိုင်းမတိုက်ခတ်မီ အရန်ဆန်တန်ချိန် ၁၀၀၀၀(အိတ် ၂၀၀၀၀၀) စုဆောင်းခဲ့မှု အခြေအနေများ၊ ညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အမြန်ဆုံးပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည့် အခြေအနေများကို အသေးစိတ် ဆွေးနွေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။





## အားပေးစကား ပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မောင်တောမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ဌာနဆိုင်ရာများ၊ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ပရဟိတအဖွဲ့များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများအား ပြန်လည်ပြင်ဆင်နေမှု အခြေအနေများနှင့် ဆေးရုံ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် မောင်တောမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စည်းလုံးညီညွတ်မှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်မှုများသည်လည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ပင်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိုခါမုန်တိုင်းကြောင့်ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၄

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လေဆိပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေတက္ကသိုလ်၌ မဟာတန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ ကုလားတန် ဘက်စုံသုံး ဆိပ်ကမ်းသို့ ရောက်ရှိပြီး ကုန်တင်သင်္ဘောများ ဆိုက်ရောက်နေမှု၊ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား ကူညီကယ်ဆယ်ရေး အဖွဲ့များက ဆိပ်ကမ်းသို့သယ်ယူပို့ဆောင်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိရာ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် တာဝန်ရှိသူများက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် ဘွဲ့နှင်းသဘင်ခန်းမ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ တတိယနှစ်၊ စတုတ္ထနှစ် သင်တန်းများနှင့် ပထမနှစ် ဂုဏ်ထူးတန်း၊ ဒုတိယနှစ်ဂုဏ်ထူးတန်း ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမိုးပြုပြင်ခြင်းလုပ်ငန်းအား တစ်လအတွင်း ပြီးစီးအောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြ စေလိုကြောင်း၊ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ပြုပြင်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ် အတွင်း/အပြင် ဥပမိရပ် ကောင်းမွန်အောင် သန့်ရှင်းရေးဆောင်ရွက်သွားရန် လိုကြောင်း လမ်းညွှန်မှာကြားပြီး မဟာတန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ တက္ကသိုလ်ဝင်းအတွင်း ကူညီကယ်ဆယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေကမ်းနားပတ်လမ်း (ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၉၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လမ်းပိုင်း ယာယီရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းပိုင်းပြုပြင်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်သည် စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ကြည်လွင်က မိုခါမုန်တိုင်းဒဏ်ကြောင့် သားဖွားမီးယပ်လူနာဆောင်၊ ကိုဗစ်-၁၉ လူနာဆောင်၊ ကျောက်ကပ်သန့်စင်ဌာန၊ သွားနှင့်ခံတွင်းရောဂါကုဌာနနှင့် ဝန်ထမ်းအိမ်ရာများ ခေါင်းမိုးပျက်စီးမှု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း နှစ်ထပ်ဆောင်နှင့် တိုင်းရင်းဆေးရုံတိုးချဲ့ နှစ်ထပ်ဆောင်ပျက်စီးမှုတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆေးကုသမှု ခံယူလျက်ရှိသည့် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာ သက်တော် ၁၀၅ နှစ် ဝါတော် ၈၅ ဝါရှိ ဒုံးပိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏအား ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ယူပို့ဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဆေးရုံအတွင်း ဆေးကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကာ ကျောက်ကပ်သန့်စင်ဌာနစိတ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်တွေမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

## တက်ရောက်

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် လောကာနန္ဒာ စေတီတော်ဝင်း အတွင်းရှိ သာသနာ့ဗိမာန်၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ရှပ်ရှပ်ချုံချုံ ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ အနေဖြင့် ကိုယ်ကျိုးစီးပွားကို လျစ်လျူရှု၍ အနစ်နာခံပြီး အားကြိုးမာန်တက် စေတနာ အပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ အာဆီယံအပါအဝင် နိုင်ငံတကာက ပြင်းထန်၍ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်နိုင်သည်ဟု မျှော်လင့်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ အမြော်အမြင်ရှိစွာဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြောင်း၊ လေဖိအားနည်း စတင်ဖြစ်ပေါ်ခဲ့သည့် မေ ၆ ရက်မှစ၍ Disaster Management Centre–DMC ကို ဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီး မေ ၈ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေကမ်းနားပတ်လမ်း (ရှုခင်းသာလမ်း)၊ စာတိုက်လမ်းဆုံမှ စစ်တွေဟိုတယ်အထိ အရှည်ပေ ၁၂၈၀၀ လမ်းပိုင်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှပ်ရှပ်ချုံချုံရှင်းလင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်စဉ်။

## ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့

ပြည်သူများ တစ်ဦးတစ်ယောက်မကျန် ဘေးအန္တရာယ်ကင်းရှင်းစေရန် ပြင်ဆင်စုဖွဲ့မှုများ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းထွာချက်များအရ လိုအပ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ နာဂစ်မုန်တိုင်း၏ သင်ခန်းစာများကိုရယူကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မေ ၁၄ ရက်တွင် မုန်တိုင်းဝင်ရောက်ခဲ့သော်လည်း မိမိတို့အနေဖြင့် မေ ၆ ရက် ကတည်းကပင် Function ဖြစ်အောင် ကြိုတင်ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီရေစတက်ချိန် ဖြစ်ပေါ်ခဲ့၍လည်း ထိခိုက်မှုနည်းခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် သတ်မှတ်ချိန်ထက်စော၍ အနီရောင်အဆင့် ကြေညာခဲ့သဖြင့် ကြိုတင်ရွှေ့ပြောင်းမှုအား အချိန်စောစွာ ရွှေ့ပြောင်းနိုင်ခဲ့သောကြောင့် ထိခိုက်သေဆုံးဆုံးရှုံးမှုကို အနည်းဆုံး လျှော့ချနိုင်ခဲ့ကြောင်း၊ မုန်တိုင်းအလွန်ကာလ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောလျင်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံ၍ အနေအစားဆင်းရဲစွာဖြင့် မုန်တိုင်းထိခိုက်ခဲ့သော နေရာများတွင် အားတက်သရော ဝင်ရောက်ကူညီကြသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များအပေါ် အလျဉ်းသင့်သလို ဂုဏ်ပြုပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မှာကြားခဲ့ကြောင်း။

## အပြည့်အဝပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ပျက်စီးဆုံးရှုံးမှု မြင်ကွင်းနှင့် ယခုတစ်လပြည့် ကာလ ပြန်လည်ထူထောင်ပြီးစီးမှု မြင်ကွင်းသည် ဝမ်းသာအားရ ကျေနပ်ဖွယ် ပြောင်းလဲနေသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်၏ အစီအမံဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့တွင်းနှင့် ရပ်ကွက်အလိုက် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ ဒေသအကျိုးဆောင်ရွက်ရာတွင် ပြည်သူသည် ထာဝရ၊ ဝန်ထမ်းသည် တစ်ခဏသာဖြစ်၍ မိမိဒေသ အကျိုးအတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း။

ပညာရေးနှင့် ပတ်သက်၍ မုန်တိုင်းကြောင့် ကျောင်းပေါင်း ၁၅၈၃ ကျောင်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ အစီအမံအရ အထက်တန်းအဆင့်များ ဦးစားပေး ပြင်ဆင်၍ ဇွန် ၁ ရက်အမီ ဖွင့်လှစ်မှုများပြုလုပ်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသူအားလုံး KG+9 အောင်မြင်ရန် မူဝါဒနှင့်အညီ ပညာရေးကို အလေးထား ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ဇွန် ၁ ရက်တွင် ကျောင်းများဖွင့်လှစ်ခဲ့ခြင်းဖြင့် ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ပေးနိုင်ခဲ့ကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ ကိုဗစ်–၁၉ ရောဂါကာလ ကတည်းကပင် အသက်ထက်အရေးကြီးတာ ဘာမှုမရှိဟူသော မူဝါဒနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးရုံနှင့်ပတ်သက်၍ လိုအပ်သော ပြင်ဆင်မှုများကို ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း။

## ဆက်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နေ

ဆက်သွယ်ရေး ကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခု ဖြစ်ကြောင်း၊ ယနေ့တွင် ရာနှုန်းပြည့် ဆက်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီ ဖြစ်ကြောင်း၊ နေ့စဉ်ကဏ္ဍအလိုက် လုပ်ဆောင်မှုများကို အခက်အခဲမရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး Disaster Management Centre–DMC မှ နေ့စဉ်ပုံမှန်အစည်းအဝေး ပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်မှုပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပေါ် စိတ်ဝင်တစား စောင့်ကြည့်လမ်းညွှန်မှုများပြုလုပ်ပေးလျက်ရှိကြောင်း။ စာမျက်နှာ ၆ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံတစ်ဦးအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၄**

ရခိုင်ပြည်နယ် သဘာဝဘေး ပြန်လည်ထူထောင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရခိုင် ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပ ရာ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာ အောင်ကျော်မင်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်း နောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က မိုခါမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်၏ လမ်းညွှန်မှာကြားချက် များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကူညီကယ်ဆယ် ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဘာဝ ဘေးအန္တရာယ်ကျရောက်ရာဒေသ များသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့မှု၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေ စစ်ဆေး တွေ့ရှိချက်များ၊ ဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက် မှုအခြေအနေများ၊ စစ်တွေမြို့တွင်း ကေဘယ်ကွန်ရက်များ ပြုပြင်မှု အခြေအနေများ၊ လျှပ်စစ်ကဏ္ဍ ဆောင်ရွက်မှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေး ပြင်ဆင်စုဖွဲ့ ဆောင်ရွက်နေမှု၊ သောက်သုံးရေရရှိရေး ကဏ္ဍ အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပညာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေ များ၊ ကျန်းမာရေးကဏ္ဍ ဆောင် ရွက်ထားရှိမှု အခြေအနေများ၊ လမ်းတံတားကဏ္ဍ ဆောင်ရွက် ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍ ဆောင်ရွက်ထားရှိမှု အခြေအနေ များ၊ ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေး ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ် ရေးပစ္စည်းများ ရောက်ရှိဖြန့်ခွဲမှု အခြေအနေများနှင့် အလှူငွေများ လက်ခံရရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေး တင်ပြကြ သည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်း သဘာဝ ဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့မှုအပေါ် ကူညီကယ်ဆယ်ရေး၊ ပြန်လည် တည်ဆောက်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ် သည်များကို သက်ဆိုင်ရာကဏ္ဍ အလိုက် ရှင်းလင်းဆွေးနွေးတင်ပြ ကြသည်။

ထို့နောက် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်း ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ပြန်လည် ထူထောင်ရေး ကာလအတွင်း တာဝန်ယူ ဆောင်ရွက်နေသော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက် မှုတို့ကြောင့် မြင်သာသော တိုးတက်မှုများ တွေ့ရကြောင်း၊ အလားတူ မောင်တောနှင့် ဘူးသီး တောင်တို့တွင်လည်း တိုးတက်မှု များစွာ တွေ့ရှိရကြောင်း၊ တာဝန် ရှိသူများအနေဖြင့် အရှိန်အဟုန် မပျက် ဆက်လက်ဆောင်ရွက် သွားရန်လိုကြောင်း၊ စီမံမှုကောင်း စွာဖြင့် တာဝန်ရှိသူများ၏ ကြိုးစား အားထုတ်မှုကို အသိအမှတ်ပြုပါ ကြောင်း။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီသော မျိုးစပါး များ အချိန်မီရောက်ရှိအောင် စီမံ ပေးလျက်ရှိပြီး အမှန်တကယ် စိုက်ပျိုးမည့် တောင်သူများအနေ ဖြင့် စိုက်နည်း လေးသွယ်နှင့်အညီ ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ မိုးစပါးထွန်ယက်ရေး အသုံးပြုရန် အတွက် စက်မှုလယ်ယာဦးစီး ဌာနက ရခိုင်ပြည်နယ်အတွင်း လိုအပ်သော မြို့နယ်များသို့ လယ်ထွန်စက် ၈၅ စီးဖြင့် ထွန်ထယ် လုပ်ငန်းများကို ဆောင်ရွက်သွား ရန် စီမံထားပြီဖြစ်ကြောင်းနှင့် လက်တွန်း လယ်ထွန်စက်များအား ထပ်မံပို့ဆောင်နိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း။

ဝန်ကြီးဌာနအလိုက် အဆောက် အအုံများ ပြုပြင်ရာတွင် ငွေကြေး သုံးစွဲမှုနှင့်ပတ်သက်၍ လမ်းညွှန် ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုပြီး ဝန်ကြီးချုပ်၏ မူဝါဒဖြစ် သော မူလအခြေအနေထက် ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

**စားသောက်ကုန်**

စားသောက်ကုန်နှင့် ပတ်သက် ၍ ပြည်သူအားလုံး လုံလောက်စွာ စားသောက်နိုင်ရေးစီမံဆောင်ရွက် လျက်ရှိပြီး ဒေသတွင်း ကုန်ဈေးနှုန်း ကြီးမြင့်မှု မရှိစေရေး စားသောက် ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး အသား၊ ငါး၊ ဥနှင့် ဟင်းသီး ဟင်းရွက်များအား တစ်နိုင်တစ်ပိုင် နှင့် တစ်အုပ်တစ်မ စီးပွားဖြစ် မွေးမြူ စိုက်ပျိုးနိုင်ရေး ထုတ်လုပ် နိုင်စေရန် ပြည်နယ်အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့က ပေါင်းစပ်လျက် စတင်ဆောင်ရွက် ရန်လိုကြောင်း၊ လိုအပ်သည့် မတည်အရင်းအနှီးကိစ္စ၊ ခြံကွက် စနစ်မွေးမြူနိုင်ရေး လိုအပ်သော အဆောက်အအုံ ဆောက်လုပ်ရေး ကိစ္စနှင့် နည်းပညာနှင့် သွင်းအားစု စသည်တို့ကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့က သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အမြန်ဆုံး စတင် အကောင်အထည်ဖော်ရန် လိုပါကြောင်း၊ Demand and Supply လိုအပ်ချက်အရ Demand ရှိပြီး Supply မရှိပါက သို့မဟုတ် မလုံလောက်ပါက ကုန်ဈေးနှုန်းမှာ လည်း အလိုအလျောက် ကြီးမြင့် နေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တစ်ဖက်ကလည်း ကုန်ဈေးနှုန်း ကြီးမြင့်မှု မဖြစ်စေရေး အထောက် အကူပြုသလို တစ်ဖက်ကလည်း ဒေသအတွက် အသား၊ ငါး ၊ ဥနှင့် ဟင်းသီးဟင်းရွက်များ ဖူလုံစေ ရေးကို ကြိုးပမ်းအကောင်အထည် ဖော်ကြရန်လိုကြောင်း၊ ယင်းသို့ လုပ်ဆောင်မှုသည် Cash For Work Program တစ်ခုအဖြစ် ဖော်ဆောင်ရာ ရောက်ပါကြောင်း၊ စားရေရိက္ခာ ပြည့်ဝဖူလုံမှုသာ ဒေသခံပြည်သူများအနေဖြင့် မိမိ တို့၏ ဝမ်းရေးအတွက် အဓိက လိုအပ်သည့် မိုးစပါးစိုက်ပျိုးရေး ကိုလည်း အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက် အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍ ဆောင် ရွက်မှုအနေဖြင့် ရေဒီယိုစခန်း ၁၂၃၃ ခုရှိသည့်အနက် ၈၉၂ ခု ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်၍ ၉၉ ဒသမ ၀၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ရာ ရာနှုန်းပြည့် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လျှပ်စစ်ကဏ္ဍ အနေဖြင့် ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁)ဓာတ်အားလိုင်းမှ ဇွန် ၆ ရက်တွင် စစ်တွေ (၆၆)ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၁) သို့ လည်းကောင်း၊ ဇွန် ၈ ရက်တွင် စစ်တွေဓာတ်အားခွဲရုံ အမှတ်(၂) ဆတ်ရိုးကျဓာတ်အားခွဲရုံသို့လည်း ကောင်း ဓာတ်အားများ ပို့လွှတ် ခဲ့ပြီး စုစုပေါင်း ထရန်စဖော်မာ ၂၄၅ လုံးဖြင့် စစ်တွေမြို့အတွင်း ရပ်ကွက် ၃၃ ရပ်ကွက်သို့ ရာနှုန်း ပြည့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ ကြောင်း၊ ပုဏ္ဏားကျွန်း ၁၀/ သုည ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံမှ စုစုပေါင်း ထရန်စဖော်မာ ၂၉ လုံး ဖြင့် ဇွန် ၇ ရက်တွင်မြို့ပေါ်ရပ်ကွက် များ အားလုံးသို့ ရာနှုန်းပြည့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ဆက်လက်၍ လည်း ကျန်ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအား ဇူလိုင်လ ပထမ ပတ်အပြီး လျှပ်စစ်ဓာတ်အား အမြန်ဆုံးပေးနိုင်ရန် ကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်း။

စာမျက်နှာ ၇ သို့ ✪

---

❍ စာမျက်နှာ ၅ မှ

မုန်တိုင်းကြောင့်၁၄၈ ဦး သေဆုံး ခဲ့ပြီး ငွေကျပ် ၅၂၂ ဘီလီယံခန့် ဆုံးရှုံးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် သေဆုံးသူများသည် အချိန်မီ ရွှေ့ပြောင်းနိုင်ရန် တာဝန်ရှိသူများ ၏ စီမံမှုအပေါ် ငြင်းဆန်ခဲ့မှုများ ကြောင့် မဖြစ်သင့်ဘဲ အသက် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရ ကြောင်း၊ အဖွဲ့အစည်းဖြင့် စနစ် တကျ ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့ ပြန်လည်ထူထောင်နိုင် ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၇ မြို့နယ် နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့ကို သဘာဝဘေး အန္တရာယ် ကျရောက်သော ဒေသ များအဖြစ် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ(၁၁) အရ ကြေညာခဲ့ကြောင်း၊ မုန်တိုင်း ထိခိုက်မှု ပြင်းထန်သော စစ်တွေ၊ မောင်တောနှင့် ရသေ့တောင် ကဲ့သို့သော မြို့များအတွက် စိုက်ပျိုး ရေးလုပ်ငန်းများ ထိခိုက်မှုမရှိ စေရန် လယ်ထွန်စက်၊ ကျွဲ၊ နွားနှင့် မျိုးစေ့များ စီမံဆောင်ရွက်ပေး လျက်ရှိကြောင်း။

နိုင်ငံတကာ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများက ဆုံးရှုံးမှု ကြီးမားမည်ဟု မျှော်မှန်းထား သော်လည်း **"ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်"** ဟူသော စကားနှင့်အညီ စည်းလုံးညီညွတ် မှုနှင့် ကောင်းမွန်သော ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် ထိခိုက် ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ပြင်ဆင်နိုင်သကဲ့သို့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ မြန်ဆန် စွာ ဆောင်ရွက်နိုင်မှုများသည် လည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း များတွင် ပူးပေါင်းပါဝင်ဆောင်ရွက် ပေးကြသည့် အဖွဲ့အစည်းများ အားလုံးနှင့် ပြည်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုပါကြောင်း ပြောကြား သည်။

**ချီးမြှင့်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်းနှင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ အောင်ကျော်မင်းတို့သည် မိုခါ မုန်တိုင်းကြောင့် ပျက်စီးခဲ့သော အပျက်အစီးများကို ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက် ခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်း များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ နှင့် ပရဟိတအဖွဲ့များကို ဂုဏ်ပြု ဆုများ ချီးမြှင့်ပေးအပ်သည်။

ယနေ့တွင် ပြန်လည်ထူထောင် ရေးလုပ်ငန်းများအား ရှုပ်ရှုပ်ချုံချုံ ရှင်းလင်းလုပ်အားပေး ဆောင်ရွက် ခဲ့ကြသည့် ကူညီကယ်ဆယ်ရေး နှင့်ပရဟိတအဖွဲ့ စုစုပေါင်းအဖွဲ့ ၂၀ တို့အား ဂုဏ်ပြုချီးမြှင့်ငွေမှာ ငွေကျပ် သိန်း ၄၉၀ ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်ရှိ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် သို့သွားရောက်၍ ပဏ္ဍိတနန္ဒာရာမ ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထ ဝါစက ဘဒ္ဒန္တနန္ဒသီရိအား ဖူးမြော် ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၆ မှ

သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် သောက်သုံးရေသန့်ရရှိရေးအတွက် ယာဉ်တစ်စီး၊ တစ်နာရီသန့်စင်ရေဂါလန် ၈၀၀ ထွက်ရှိသော ရွေ့လျားရေသန့်စင်ကားခြောက်စီးကို စစ်တွေ၊ မင်းပြား၊ ရသေ့တောင်မြို့တို့တွင် ဖြန့်ခွဲထားပြီး တစ်ရက်လျှင် ၈ နာရီကြာ ရေဂါလန် ၃၂၀၀၀ ခန့် ဖြန့်ဝေပေးလျက် ရှိကြောင်း၊ ဆက်လက်၍လည်း သောက်သုံးရေလုံလောက်စွာရရှိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍လည်း စစ်တွေဆိပ်ကမ်းသို့ ရောက်ရှိပြီးဖြစ်သည့် Life Straw လုံး ၂၁၀ နှင့် Mobile ရေတင်စက်များကိုလည်း အမြန်ဆုံး ဖြန့်ဝေပေးရန်လိုကြောင်း။

စစ်တွေမြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များကို လိုအပ်သော သန့်ရှင်းရေးနှင့် အဆောက်အအုံပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်မှစ၍ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူအခြေခံပညာကျောင်းများကိုလည်း ဇွန် ၁ ရက်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူဦးရေ ၄၈၂၀၀၀ ကျော် တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင်ရှိသော ပြည်သူလူထုများအား မြို့နယ်ဆေးရုံ ၁၇ ရုံ၊ တိုက်နယ်ဆေးရုံ ၄၃ ရုံတွင်လည်းကောင်း၊ အထူးကုဆေးအဖွဲ့နှစ်ဖွဲ့ ၊ အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့ (Rapid Response Team) ရှစ်ဖွဲ့ဖြင့်လည်းကောင်း၊ မေ ၁၆ ရက်မှ ယနေ့အချိန်အထိ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်အထိ ပြင်ပလူနာ ၁၇၂၃၉ ဦး၊ အတွင်းလူနာ ၃၃၅၂၇ ဦးတို့ကို ကုသပေးနိုင်ခဲ့ပါကြောင်း။

**ပြန်လည်တည်ဆောက်လျက်ရှိ**

သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လမ်း၊ တံတားများတွင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေဘဲ အမြန်ဆုံး ဖြတ်သန်းသွားလာနိုင်ရန်အတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ခုနစ်ဖွဲ့မှ ယာယီဘေလီတံတားများ တည်ဆောက်နိုင်ရန်အတွက် မေ ၁၆ ရက်မှစတင်ပြီး တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်မှစ၍ လမ်းတံတားများကို စတင်ပြန်လည်တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတကာ၏ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်းမှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ပြီး/ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့်ပတ်သက်၍ IDP များနှင့် ဘင်္ဂါလီများအပေါ် ထောက်ပံ့ပေးမှုများအနေဖြင့် ပြည်နယ်အစိုးရ ခွင့်ပြုချက်ရယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိုခါမုန်တိုင်းဒဏ်ခံရသည့် နေရာများသို့ ကယ်ဆယ်ရေး၊ ကူညီရေး၊ ထောက်ပံ့ရေးပစ္စည်းများကို အပြည့်ပြည့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံ၏ဗဟိုချက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး DMC သို့ ပေးအပ်လှူဒါန်းနိုင်ပါကြောင်း၊ ထို့အဖွဲ့မှတစ်ဆင့် ရေယာဉ်၊ လေယာဉ်များဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ဖြန့်ဝေစေလိုသော လိုအပ်သည့်နေရာများကို ဆက်လက် ဖြန့်ဖြူးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်သည် နားလည်မှုလွဲမှားနိုင်သော အချက်ဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ပေးထားသည့် ကြီးကြပ်ရသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအနေဖြင့် သတိထားလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ Humanitarian Country Team အဖွဲ့နှင့် ကူညီရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ခြင်း၊ The Secretary General of ASEAN as the ASEAN Humani–tarian Assistance Coordinator (SG–AHAC) လာရောက်၍ ပျက်စီးမှုအခြေအနေများ ကြည့်ရှုမည့်အပေါ် သဘောတူခွင့်ပြုခဲ့ခြင်း၊ နိုင်ငံတကာ အကူအညီများနှင့်ပတ်သက်၍ စနစ်တကျရှိစေရေး On–Side Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းများရှိ၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ အမြန်ဆုံး စိတ်အေးချမ်းသာစွာဖြင့် မိမိလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများနှင့် အတူပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ရခိုင်ပြည်နယ်အားမူလအခြေအနေထက် ပိုမိုကောင်းမွန်ရမည်ဟူသော နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ညီညွတ်သောပေါင်းစည်းစွမ်းအားဖြင့် အားလုံးပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## “စိုက်ပျိုးစွမ်းအား မြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းဆွေးနွေးပွဲကို “စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး” ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းကပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က လုပ်ကွက်ငယ်တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးစွမ်းအားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ပထမအဆင့် ဦးစားပေးအနေဖြင့် အဓိကသီးနှံ ၁၀ မျိုး၏ အထွက်နှုန်းတိုးတက်စေရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများက ကဏ္ဍအလိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်သမား ရှားပါးလာသည့်ပြဿနာကို ဖြေရှင်းနိုင်ရန် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်း၍ ထွန်ယက်ခြင်းမှ ရိတ်သိမ်းသည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲနိုင်ရေး၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်နိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန် အဓိကကျသည့်အတွက် ရေကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်မှသာ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးတက်စေရေးနှင့် သီးနှံစိုက်စွမ်းအားမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားတိုးတက်ရန် မဖြစ်မနေလိုအပ်သဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စိုက်ပျိုးရေးနည်းပညာများ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ အသုံးချပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက တာဝန်ယူဆောင်ရွက်ပြီး ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မြေသယံဇာတ၊ ရေသယံဇာတနှင့် မြေယာအသုံးချမှုအခြေအနေ၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ နွေစပါး၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းများနှင့် ပတ်သက်သည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြေတစ်ဧကချင်း၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် တောင်သူတစ်ဦးချင်း၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်ရန် ဆောင်ရွက်သင့်သည့်အချက်များ၊ ရေရရှိရေးဆောင်ရွက်မည့်အစီအစဉ်များ၊ စက်မှုလယ်ယာကူးပြောင်းရေးဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေး အကြံပြုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် ဥပဒေများစာအုပ် ထုတ်ဝေ

နေပြည်တော် ဇွန် ၁၄

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲစာအုပ်များ ပြုစုခြင်းနှင့်ထုတ်ဝေခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုစုစည်း၍ နှစ်အလိုက် ဥပဒေစာအုပ်များ ထုတ်ဝေခဲ့ပြီး ယခုအခါ ၂၀၂၂ ခုနှစ် ဥပဒေများစာအုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် ဥပဒေများစာအုပ်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သောဥပဒေများကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး စာအုပ်တွင် ဥပဒေပေါင်း ၄၉ ခု ပါဝင်သည်။

အဆိုပါ ၂၀၂၂ ခုနှစ် ဥပဒေများစာအုပ်သည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့်စာအုပ်တစ်အုပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ငပုတောမြို့နယ် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရန် ထုံးဓာတ်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့် စပါးခွံမြေဆွေးထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

ငပုတော ဇွန် ၁၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာ၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ထုံးဓာတ်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့် စပါးခွံမြေဆွေးထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက တောင်သူ ဒေါ်မေသဇင်ဦး၏ လယ်မြေ ၁၂ ဧက၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးလင်းကိုကိုက တောင်သူများအား တစ်ဧကလျှင် ၁၀ တင်းနှုန်း တိုးထွက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးကြရန်နှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သော အာဟာရဓာတ်များ ရရှိစေရေးတို့အတွက် အသိပညာပေးပြောကြားကာ အဆိုပါ လယ်မြေအတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန် ထုံးဓာတ်ထည့်သွင်းခြင်းနှင့် စပါးခွံမြေဆွေးထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်မှုကို ကြည့်ရှုအားပေးကြသည်။

မြို့နယ်(ပြန်/ဆက်)

## မြောင်းမြမြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြောင်းမြ ဇွန် ၁၄

မြောင်းမြမြို့ ဂုန်နီစက်ရုံဝင်း၌ ခရိုင်သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်မောင်မြင့်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပျိုးပင်များကို တာဝန်ရှိသူများအား ပေးအပ်ပြီး ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများနှင့်အတူ ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ မဟော်ဂနီပင် ၂၀၀၊ မန်ကျည်းရှားပင် ၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ဝေဝေ(မြောင်းမြ)

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃)တွင် ဖော်ပြပါရှိသည့် MV WERU PACK KHA (ဝိရူပက္ခ) ရေယာဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့သတင်းပါ မေ ၅ ရက်အစား မေ ၁၆ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

# ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ

**တွေ့ဆုံမေးမြန်း - ဝင်းဝင်း**

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင် စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်–

**မေး။** ။ မိုခါမုန်တိုင်း တိုက်ခတ်မှုနဲ့ ပတ်သက်ပြီး ကနဦး လုပ်ငန်းကော်မတီရဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုကို ပြောပြပေးစေလိုပါတယ်ရှင့်။

**ဖြေ။** ။ မေလ ၆ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးရဲ့ လမ်းညွှန်ချက်နဲ့ မေလ ၉ ရက်နေ့မှာ လုပ်ငန်းစီမံချက်ကို ရေးဆွဲခဲ့ပါတယ်။ စီမံချက်အရ ရွေ့လျားအဖွဲ့ ခုနစ်ဖွဲ့နဲ့ စာရင်းပြုစုရေးအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့တယ်။ လုပ်ငန်းကော်မတီအတွင်းရေးမှူးအနေနဲ့ မေလ ၈ ရက်နေ့ကစလို့ DMC မှာ နေ့စဉ် အစည်းအဝေးတက်ရောက်ပြီး လုပ်ငန်းကော်မတီနဲ့ စပ်လျဉ်းတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ မေလ ၉ ရက်နေ့က စတင်ပြီး DMC မှာ ညွှန်ကြားရေးမှူးတစ်ဦး၊ ဒုတိယစာရင်းအင်းမှူးတစ်ဦးကို ရုံးထိုင်ဆောင်ရွက်စေခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းဝင်ရောက်နိုင်တဲ့ ဒေသတွေရဲ့ အချက်အလက်တွေ ကြိုတင်ပြုစုတာ၊ ကောက်ယူမယ့် စာရင်းပုံစံပြုစုတာ၊ ပုံစံတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းကော်မတီတွေထံ ဖြန့်ဝေတာတွေ ဆောင်ရွက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ် Command Post အဖွဲ့တွေမှာ တိုင်းဒေသကြီး/ ပြည်နယ်တွေမှာရှိတဲ့ ဗဟိုစာရင်းအင်းအဖွဲ့ဝန်ထမ်းတွေ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ပျက်စီးမှုစာရင်းတွေ ကြိုတင်စာရင်းကောက်နိုင်ဖို့ မုန်တိုင်းမဖြစ်ခင် မုန်တိုင်းလမ်းကြောင်းသင့် ဒေသတွေဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တွေကို မေလ ၁၁ ရက်နေ့မှာ စေလွှတ်ခဲ့ပါတယ်။ ဆက်လက်ပြီး မကွေးနဲ့ ပဲခူးတိုင်းဒေသကြီးတွေကို မေလ ၁၃ ရက်နေ့မှာ စေလွှတ်ပြီး ပျက်စီးမှုစာရင်းကောက်ယူနိုင်ရေး ကြိုတင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။** ။ မုန်တိုင်းကြောင့် ထိခိုက်မှုအများဆုံးဖြစ်တဲ့ ရခိုင်ပြည်နယ်နဲ့စပ်လျဉ်းပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သိရှိလိုပါတယ်။

**ဖြေ။** ။ ရခိုင်ပြည်နယ်ကို မေလ ၁၅ ရက်နေ့မှာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သွားရောက်ခဲ့ပါတယ်။ မေလ ၁၆ ရက်နေ့မှာ ရခိုင်ပြည်နယ်ရဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူနိုင်ရေး လုပ်ငန်းစီမံချက်ရေးဆွဲပြီး ရွေ့လျားအဖွဲ့ဝင်တွေ၊ ရခိုင်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက် ဌာနအဖွဲ့အစည်းတွေက ဝန်ထမ်းတွေနဲ့ စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ ဖွဲ့စည်းခဲ့ပါတယ်။ မေလ ၁၅ ရက်နေ့မှာ ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)က ရန်ကုန်ကို စေလွှတ်ထားတဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်တဲ့အဖွဲ့က ရခိုင်ပြည်နယ်ကို ဆက်လက်သွားရောက်ပြီး မြေပြင်စာရင်း ကောက်ယူနိုင်ရေးဆောင်ရွက်ခဲ့ပါတယ်။ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့အဖွဲ့ကို မေလ ၁၆ ရက်နေ့မှာ စစ်တွေမြို့ကို ထပ်မံစေလွှတ်ပြီး စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ရဲ့ မြေပြင်စာရင်းကောက်ယူရရှိတဲ့ အချက်အလက်တွေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို နေ့စဉ်တင်ပြပါတယ်။

ဒီလုပ်ငန်းစီမံချက်အရ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ကို မေလ ၁၇ ရက်နေ့ နံနက်ပိုင်းက စတင်ပြီး အဖွဲ့အသီးသီးက တာဝန်ယူရတဲ့မြို့နယ်တွေကို စာရင်းကောက်ယူဖို့ ထွက်ခဲ့ကြပါတယ်။ စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့က ရခိုင်ပြည်နယ်ရဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို မေလ ၁၇ ရက်နေ့ကစတင်ပြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာ မေလ ၂၃ ရက်နေ့မှာပြီးဆုံးခဲ့ပြီး ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (NDMC)ကို အချိန်နဲ့တစ်ပြေးညီတင်ပြခဲ့ပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်

စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့က ရရှိတဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာမြို့နယ်တွေမှာ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ တပ်မတော်က တာဝန်ပေးအပ်ထားတဲ့ တာဝန်ခံအရာရှိကြီးတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနရဲ့ လမ်းညွှန်မှုကိုရရှိခဲ့ပါတယ်။ ဒီအတွက် မေလ ၂၇ ရက်နေ့က စတင်ပြီး မြို့နယ် ၁၇ မြို့နယ်ကို ဒုတိယအကြိမ် ထပ်မံကွင်းဆင်းပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းပြီး ပျက်စီးဆုံးရှုံးမှုစာရင်းတွေ ပြန်လည်စိစစ် အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။

ဒုတိယအကြိမ် ထပ်မံသွားရောက်ရာမှာ မေလ ၂၇ ရက်နေ့မှာ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်နဲ့ အမ်းမြို့နယ်၊ မေလ ၂၈ ရက်နေ့မှာ ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ ပေါက်တော၊ ရသေ့တောင်၊ တောင်ကုတ်၊ မာန်အောင်၊ မောင်တော၊ မင်းပြား၊ မြေပုံ၊ ဂွနဲ့ သံတွဲမြို့နယ်တွေကို ထွက်ခွာခဲ့ကြပြီး ဇွန်လ ၅ ရက်နေ့အထိ ပျက်စီးဆုံးရှုံးမှုစာရင်းတွေ ပြန်လည်စိစစ်အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ကြပါတယ်။

**မေး။** ။ ကောက်ယူရရှိတဲ့ စာရင်းတွေကို ဘယ်လိုဆက်လက်ဆောင်ရွက်ရပါသလဲ။

**ဖြေ။** ။ ကနဦး လုပ်ငန်းကော်မတီက နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်တွေမှာသဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို မေလ ၁၁ ရက်နေ့က စတင်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို နေ့စဉ်အစီရင်ခံတင်ပြခဲ့ပါတယ်။ ကနဦးလုပ်ငန်းကော်မတီအနေနဲ့ သဘာဝဘေးဒဏ်ကြောင့် လူများအသက်ဆုံးရှုံးမှု၊ တိရစ္ဆာန်များ သေကျေပျက်စီးမှု၊ ပျက်စီးဆုံးရှုံးသွားတဲ့ အဆောက်အအုံတွေကို ပြန်လည်ပြုပြင်တည်ဆောက်ရာမှာ ထောက်ပံ့ကူညီပေးနိုင်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ သာသနိကအဆောက်အအုံတွေရဲ့ ပျက်စီးမှုနဲ့ သွပ်၊ သံ၊ သစ် လိုအပ်ချက် ကနဦးစာရင်းတွေ၊ အခြေခံအဆောက်အအုံ၊ လျှပ်စစ်နဲ့စွမ်းအင်၊ ပိုင်ဆိုင်ပစ္စည်း(ကား၊ ဆိုင်ကယ်၊ စက်ဘီး) စတဲ့၊ သယ်ယူပို့ဆောင်ရေး၊ လယ်ယာ/ သားငါးကဏ္ဍတို့နဲ့ စပ်လျဉ်းတဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို သတ်မှတ်ပုံစံနဲ့ ပြုစုပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC) ကို နေ့စဉ် အစီရင်ခံတင်ပြလျက်ရှိပါတယ်။ ။

> **“ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့ကို မေလ ၁၇ ရက်နေ့ နံနက်ပိုင်းက စတင်ပြီး အဖွဲ့အသီးသီးက တာဝန်ယူရတဲ့မြို့နယ်တွေကို စာရင်းကောက်ယူဖို့ ထွက်ခဲ့ကြပါတယ်။ စာရင်းကောက်ယူရေးအဖွဲ့ ၁၇ ဖွဲ့က ရခိုင်ပြည်နယ်ရဲ့ ပျက်စီးဆုံးရှုံးမှုစာရင်းတွေကို မေလ ၁၇ ရက်နေ့ကစတင်ပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ မေလ ၂၃ ရက်နေ့မှာ ပြီးဆုံးခဲ့ပြီး ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (NDMC) ကို အချိန်နဲ့တစ်ပြေးညီ တင်ပြခဲ့ပါတယ် ”**



ရခိုင်ပြည်နယ် မောင်တောမြို့၌ ပျက်စီးဆုံးရှုံးမှုစာရင်းများ လက်တွေ့ကွင်းဆင်းကောက်ယူနေစဉ်။


ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ပျက်စီးဆုံးရှုံးမှုစာရင်းများ လက်တွေ့ကွင်းဆင်းကောက်ယူနေစဉ်။

# e–ID စနစ်လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## e-ID စနစ်သည် e-Government လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံစနစ်တစ်ခုဖြစ်





**နေပြည်တော်  ဇွန်  ၁၄**

မြန်မာနိုင်ငံ၏ e–Government စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအကျဆုံးလုပ်ငန်း ဖြစ်သည့် e–ID စနစ် ဆောင်ရွက်နိုင်ရန် e–ID စနစ်လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ e–ID စနစ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ e–ID စနစ်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဒေါက်တာဇော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် မြတ်မင်းဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ Digital စနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် e– Government စနစ် အကောင်အထည်ဖော်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ e–ID စနစ်သည် e–Government လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံစနစ်တစ်ခုဖြစ်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ကြောင်း၊ e–ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအတွင်း နေထိုင်သူ အသက် (၁၀)နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် (PR) စနစ်ဖြင့် နေထိုင်ခွင့်ရသူ၊ အမြဲနေ အခွန်ဆောင်နိုင်ငံခြားသားများ စသည်တို့၏ ကိုယ်ရေးအချက်အလက် (Biographic Data)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric Data) များ ကောက်ယူ၍ Database တွင် သိမ်းဆည်းပြီး ဂဏန်း (၁၀) လုံးပါဝင်သော Unique ID နံပါတ် တစ်ခုစီ သတ်မှတ်ပေးသည့် စနစ်ဖြစ်ကြောင်း၊ ယင်းနောက် UID နံပါတ်ရရှိပြီးသူများအနက် ဥပဒေအရ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအားလုံးကို National ID ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ကူညီဆောင်ရွက်မှုများဖြင့် လဝကမြို့နယ်ရုံး အသီးသီးရှိ နိုင်–၄ မှတ်တမ်းပါ အချက်အလက် ၅၂ သန်းကျော်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ၁၃ သန်းကျော်ကို Database အတွင်း ထည့်သွင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် e–ID Database System အတွင်း ထည့်သွင်းထားသော နိုင်/ဧည့်/ပြု ကိုယ်ရေးအချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) များကို အခြေခံ၍ Biometric အချက်အလက်များ ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို Pilot Project အဖြစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှစ၍ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ရှိ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စတင်ကောက်ယူခဲ့ပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ မိမိဝန်ကြီးဌာနရှိ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ဦးစီးဌာနအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပေးပို့လာသော SIM Regi–stration Manangement System (SRMS) အတွင်းရှိ (SIM Card) များကို တိုက်ဆိုင်စစ်ဆေး စိစစ်အကြောင်းပြန်ကြားခြင်း၊ အောင်ဘာလေထီမှ နိုင်နံပါတ်အား မှန်ကန်ခြင်းရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးပြန်ကြားပေးနိုင်မည့် API Platform တစ်ခုတည်ဆောက်နိုင်ရေးဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များ စိစစ်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံကူးလက်မှတ် (passport) လုပ်ငန်းများအတွက် Database ဖြင့် တိုက်ဆိုင်စိစစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့စီးပွားရေးဘဏ်မှ Centralized e–Pension စနစ်တွင် Face ID ဖြင့် အငြိမ်းစားများအား စိစစ်မှုပြုလုပ်ရာတွင် e–ID စနစ်ဖြင့် ချိတ်ဆက်နိုင်ရေးအတွက် လိုအပ်မည့်နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော Hardware နှင့် Software များ ဝယ်ယူရေးနှင့်ပတ်သက်၍ e–ID စနစ် လုပ်ငန်းကော်မတီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် e–ID စနစ်ဆိုင်ရာ တင်ဒါကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့် တင်ဒါလုပ်ငန်းစဉ်များကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် e–ID စနစ်ကိုအခြေခံ၍ National Database အဖြစ် တည်ဆောက်နိုင်ရေးအတွက် ဌာနအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက e–ID စနစ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တင်ဒါခေါ်ယူဆောင်ရွက်မည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဒေါက်တာဇော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်မြတ်မင်းဦး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက e–ID စနစ်အတွက် လိုအပ်သောနည်းပညာဆိုင်ရာ ပစ္စည်းများ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

**ဆွေးနွေး**

ဆက်လက်၍ e–ID စနစ်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လူမွန်နှင့် ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်တို့က နည်းပညာဆိုင်ရာ ပစ္စည်းများဝယ်ယူရေးအတွက် တင်ဒါကော်မတီအနေဖြင့် တင်ဒါလုပ်ငန်းများ စိစစ်ဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို သုံးသပ်အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး BIMSTEC Business Conclave ၏ ဆက်စပ်ဖိုရမ်များသို့ တက်ရောက်



**နေပြည်တော်  ဇွန်  ၁၄**

အိန္ဒိယသမ္မတနိုင်ငံ ကိုးလ်ကတ္တားမြို့၌ ပြုလုပ်လျက်ရှိသည့် BIMSTEC Business Conclave တွင် ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် BIMSTEC Business Conclave ၏ ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် ကဏ္ဍအလိုက် ကျင်းပသော ဆက်စပ်ဖိုရမ်များသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၂ နာရီအထိ Hytta Regency Kolkata Hotel Ballroom One ၌ ပြုလုပ်သည့် ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် အစားအစာဖိုရမ်တွင် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးလွင်၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစင်တာမှ အမှုဆောင် ဒါရိုက်တာ စီးပွားရေးပညာရှင် ဒေါက်တာ ဇော်ဦးတို့က Panelist အဖြစ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Hytta Regency Kolkata Hotel ၏ Guchhi ခန်းမ၌ပြုလုပ်သော ကျောက်မျက်ရတနာဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံမှ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဟန်က Panelist အဖြစ် ဆွေးနွေးသည့် အစီအစဉ်သို့ တက်ရောက်အားပေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် Hytta Regency Kolkata Hotel Ballroom One ပြုလုပ်သည့် ဘင်းမ်စတက်အမျိုးသမီးများဖိုရမ်နှင့် Guchhi ခန်းမတွင် ပြုလုပ်သော ဘင်းမ်စတက် ပညာရေးဖိုရမ်တို့ကို တက်ရောက် အားပေးသည်။

**ဆွေးနွေး**

ဘင်းမ်စတက်အမျိုးသမီးများဖိုရမ်တွင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်မော်နှင့် ဘင်းမ်စတက်ပညာရေးဖိုရမ်တွင် မြန်မာနိုင်ငံအမျိုးသမီး စွန့်ဦးတီထွင်သူများအသင်းဝင် Streamline Training –Learning Center တည်ထောင်သူ ဒေါ်ဝင်းအိခိုင်တို့က Panelist အဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဆင်းပွဲကျင်းပ

**မချမ်းဘော  ဇွန်  ၁၄**

နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ငါးမွေးမြူရေးဆောင်ရွက်နေသော မချမ်းဘောမြို့နယ် နမ်ခမ်ကျေးရွာမှ ဒေသခံ ငါးမွေးတောင်သူ ၁၀ ဦးတို့အား အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်လှစ်ပို့ချပေးပြီး သင်တန်းဆင်းပွဲကို ဇွန် ၈ ရက်က ဝိုင်းမော်ငါးလုပ်ငန်းစခန်း သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

**စာတွေ့လက်တွေ့ပို့ချပေး**

အဆိုပါသင်တန်းဆင်းပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးမျိုးဆွေ တက်ရောက်ပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးသည်။ သင်တန်းတွင် အခြေခံငါးမွေးမြူရေးဆိုင်ရာဘာသာရပ်၊ ငါးဆေးထိုးသားဖောက်ခြင်းဘာသာရပ်စာတွေ့လက်တွေ့၊ ငါးမွေးကန်တူးဖော်ခြင်း၊ မျိုးစပ်ငါးခူမွေးမြူရေးဆိုင်ရာဘာသာရပ်၊ သဘာဝ ငါးသားဖောက်ခြင်းဘာသာရပ်၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)ဆိုင်ရာဘာသာရပ်၊ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာနှင့် ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဆိုင်ရာဘာသာရပ်များကို ဇွန် ၆ ရက်မှ ဇွန် ၈ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့ပို့ချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂိမ်းနွံအတွင်းက ထောက်ပို့ကလစ်ကာများ

စွမ်းပြည့်

**"ဂိမ်းဆိုတာ စွဲတဲ့သဘောရှိတော့ ဦးနှောက်ထိခိုက်မယ်၊ စိတ်ဓာတ်ကျ၊ အထီးကျန်၊ အစွဲလွန်၊ အိပ်မပျော် ကြောင်တောင်တောင်ဖြစ်မယ်၊ သည်းခံစိတ် ကိုယ်ချင်းစာစိတ်တွေ နည်းလာပြီး ပေါင်းသင်းဆက်ဆံရေး ပျက်ယွင်း၊ လူမှုရေးတာဝန်တွေ လစ်ဟင်းမယ်။ ကျောင်းစာတွေပျက်ကွက်၊ ဉာဏ်တွေတုံး၊ ပညာရေး နှောင့်နှေးမယ်၊ တောက်လျှောက်အထိုင်များတော့ သွေးလေးမယ်၊ လူကဝလာမယ်၊ အဆီပိတ်မယ်၊ သွေးတိုး ဆီးချိုရမယ်၊ နှလုံးသွေးကြောပိတ်မယ်၊ နောက်ဆုံး ငယ်ငယ်ရွယ်ရွယ်နဲ့အသက်တိုမယ်။ ကဲ.. ဘာကောင်းတာ ရှိမလဲ၊ ကိုယ့်အတွက်လည်းမကောင်း၊ အများအတွက်လည်းမကောင်း၊ မိသားစုတာဝန်၊ လူမှုရေးတာဝန်မကျေပွန်၊ ကိုယ့်ကြောင့် လူတွေ သေကျေထိခိုက်ပျက်စီးရ၊ ဘဝတွေပျက်ကြရ"**

လူငယ်ဘဝမှာ အရေးကြီးဆုံးအချက်က အနာဂတ်ရဲ့လူငယ်လေးတွေ လမ်းမှားမရောက်ရေး ပါဘဲ။ ဒီခေတ်ဒီကာလက ပိုလို့အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကိုယ် မပျက်ဖို့၊ အဖျက်ဆီးမခံရဖို့ဖြစ်ပါတယ်။ အများစုက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာတွေကြားမှာ ရုန်းကန်နေကြရတယ်၊ တချို့ ဘဝရပ်တည်ဖို့ ခက်ခဲနေကြရတယ်၊ စိန်ခေါ်မှု မြောက်မြားစွာနဲ့ကြုံတွေ့နေကြရတယ်။ တချို့က ကိုယ့်ကိုယ်ကိုယ် လမ်းစပျောက်နေတယ်လို့ ထင်ကြတယ်။ တကယ်က မပျောက်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ထင်နေတာပါ။ မဖြေရှင်းတတ်ကြတာ၊ ဖြေရှင်းဖို့နည်း မသိကြတာ၊ တိုးတက်ရာလမ်း မရှာတတ်ကြတာပါပဲ၊ အဲဒီတော့ လမ်းမှားမှာ တဝဲလည်လည်ဖြစ်နေကြရတယ်။ အမုန်းစကားတွေကြား ဝေခွဲမရ၊ စာမဖတ်အား၊ လေ့လာအားနည်းတော့ အမှား၊ အမှန်မသိ၊ အကောင်းမြင်နိုင်စွမ်းမရှိ၊ ဆင်ခြင်နိုင်စွမ်းမသိ၊ နောက်ဆုံးမှာ မဟုတ်တာ၊ မကောင်းတာ၊ အကျိုးမရှိတာတွေနဲ့ပဲ အချိန်ဖြုန်းကြရင်းက.... ။

### အကြမ်းဖက်လမ်းစဉ်အောက်က Online Game

Online Game တစ်ခုဟာ နောက်ဆုံးမှာသူတို့ရဲ့ အချိန်ဖြုန်းကိရိယာ ထွက်ပေါက်တစ်ခုဖြစ်လာတယ်။ အွန်လိုင်းဂိမ်းအမျိုးအစားများစွာအနက် pdf game အမျိုးအစားတစ်ခုဟာဖြင့် ယနေ့လူငယ်တချို့ရဲ့အမုန်းတွေ၊ အာဃာတတွေ ဖြေရှင်းရာလက်နက်တစ်ခုဖြစ်လာတယ်။ တချို့မသိစိတ်မှာ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစိတ်လေးတွေရှိနေတယ်၊ တချို့က တော်လှန်ရေးခေါင်းစဉ်အမျိုးမျိုးတပ်ထားပေမယ့် လုပ်ရပ်က အကြမ်းဖက်ပုံစံအမျိုးမျိုးဖြစ်နေတယ်။ တော်လှန်လိုစိတ်ရှိသော်ငြား လုပ်ရပ်က အကြမ်းဖက်လုပ်ရပ်တွေသာဖြစ်နေပြီး တပ်မတော်နဲ့ လုံခြုံရေးအဖွဲ့တွေရဲ့ ထိခိုက်မှုက နည်းနည်း၊ အများဆုံးက အပြစ်မဲ့ပြည်သူတွေ၊ ဘုန်းကြီးသံဃာတွေ၊ ကျောင်းဆရာဆရာမတွေ၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ် လူမမည်တွေ၊ တချို့ဆရာဝန်သူနာပြုတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အပြစ်မဲ့လူထုလူတန်းစားပေါင်းစုံ ဘာကျန်မလဲ။ ထောင်နဲ့ချီ၊ သောင်းနဲ့ချီ သတ်လိုက်ကြတာ.. ပျက်စီးသွားတဲ့စာသင်ကျောင်း၊ သာသနိကအဆောက်အအုံတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေ၊ ကျေးရွာရပ်ကွက် အိမ်ခြေအမြောက်အမြား..ဒါတွေ ပါပဲ၊ အကြမ်းဖက်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်ဆိုတာ။

### နောက်ဆက်တွဲ ဆိုးဆိုးရွားရွားတွေနဲ့ ဘာမှကောင်းစရာမရှိတဲ့ဂိမ်း

ဒါကြောင့် **မိမိကိုယ်တိုင် အဲဒီ pdf game မှာ ပါဝင်မိပြီဆိုရင် မိမိရဲ့ ဂိမ်းကလစ်တစ်ခုက လူသတ်အားပေးဖြစ်မှန်းမသိ ဖြစ်သွားပါပြီလို့ ဆိုလိုက်ပါရစေ။ နှောင်သံသရာအဆက်ဆက်ပါဏာတိပါတာကံ ကျူးလွန်ရက်က အပါယ်ငရဲသက်ဆင်းလျက်သား ဖြစ်သွားပါပြီ။ မိမိဘက်က ဘာအကျိုးတရားတွေ ရလိုက်ပါသလဲ။ ဘာမှရကိုရစရာမရှိတာပါ။** သတ်ချင်ဖြတ်ချင်စိတ်သာ များလာမယ်။ အနုနည်း၊ ငြိမ်းချမ်းသောနည်းနဲ့ ဖြေရှင်းဖို့ မကြိုးစား၊ အရာရာ အကြမ်းနည်းနဲ့သာ ဖြေရှင်းတတ်လာပြီး လူသတ်အားပေးမိတဲ့အတွက် အကုသိုလ်ငရဲသာရပါတယ်။ နောက်ဆုံးအချိန်ကုန်တယ်၊ ပိုက်ဆံကုန်မယ်၊ မျက်စိထိခိုက်၊ ခေါင်းကိုက်ခါးကိုက်မယ်၊ ထမင်းမေ့ဟင်းမေ့ အာဟာရချို့တဲ့မယ်။

ဂိမ်းဆိုတာ စွဲတဲ့သဘောရှိတော့ ဦးနှောက်ထိခိုက်မယ်၊ စိတ်ဓာတ်ကျ၊ အထီးကျန်၊ အစွဲလွန်၊ အိပ်မပျော် ကြောင်တောင်တောင်ဖြစ်မယ်၊ သည်းခံစိတ်၊ ကိုယ်ချင်းစာစိတ်တွေ နည်းလာပြီး ပေါင်းသင်းဆက်ဆံရေး ပျက်ယွင်း၊ လူမှုရေးတာဝန်တွေ လစ်ဟင်းမယ်။ ကျောင်းစာတွေ ပျက်ကွက်၊ ဉာဏ်တွေတုံး၊ ပညာရေးနှောင့်နှေးမယ်၊ တောက်လျှောက်အထိုင်များတော့ သွေးလေးမယ်၊ လူကဝလာမယ်၊ အဆီပိတ်မယ်၊ သွေးတိုးဆီးချိုရမယ်၊ နှလုံးသွေးကြောပိတ်မယ်၊ နောက်ဆုံးငယ်ငယ်ရွယ်ရွယ်နဲ့ အသက်တိုမယ်။ ကဲ.. ဘာကောင်းတာရှိမလဲ၊ ကိုယ့်အတွက်လည်းမကောင်း၊ အများအတွက်လည်း မကောင်း၊ မိသားစုတာဝန်၊ လူမှုရေးတာဝန်မကျေပွန်၊ ကိုယ့်ကြောင့်လူတွေ သေကျေထိခိုက်ပျက်စီးရ၊ ဘဝတွေပျက်ကြရ။

### ဖြစ်စေချင်တဲ့စေတနာ

ဆိုလိုတာက လူငယ်တွေကို လမ်းမှားမရောက်စေချင်၊ လမ်းမှန်ကိုသာ ပို့ချင်တဲ့စေတနာနဲ့ပါ။ ဂိမ်းစွဲလူငယ်တွေကတော့ ထင်မှာပေါ့။ သူတို့လုပ်ရပ်က တော်လှန်ရေးကို ထောက်ပို့လုပ်နေတာ၊ တော်လှန်ရေးကလစ်ကာတွေပေါ့။ digital striker တွေပေါ့၊ တော်လှန်ရေးကလစ်ကာကနေ အကြမ်းဖက်၊ လူသတ်ကလစ်ကာတွေ ဖြစ်နေမှန်းမသိရှာဘူး။ တချို့ထင်ကြတယ်၊ နည်းပညာအသစ်တွေနဲ့ ကစားတာဆိုတော့ သူတို့လုပ်ငန်းကို လွယ်လွယ်နဲ့ သိနိုင်စရာအကြောင်းမရှိဘူး။ pdf game ကစားလို့ ဥပဒေအရ အရေးယူခံရနိုင်တယ်ဆိုတာ.. ကြောက်စရာမလိုဘူး၊ ခြိမ်းခြောက်နေတာစသဖြင့် ဘာညာဘာညာ..။ စဉ်းစားရမှာက နည်းပညာပိုင်းမဟုတ် high tech တွေကြောင့် လုံခြုံမှုရှိတယ်၊ ဘယ်လိုမှခြေရာခံလို့လည်းမရဘူး စသဖြင့် ဒါတွေကြောင့်လည်း မဟုတ်ပါဘူး၊ အဓိကက ဆင်ခြင်တုံတရား.. လူသားတစ်ယောက်မှာ ထားရှိရမယ့် လူသားဝတ္တရား တာဝန်ကျေပွန်မှု၊ အကြင်နာ၊ စာနာ၊ သနားငဲ့ညှာမှု၊ ကိုယ့်ကြောင့် သူတစ်ပါး မိသားစုဘဝတွေ မပျက်စီးစေလိုမှု၊ ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို အများအတွက် ပရဟိတစိတ်နဲ့ အသုံးချလိုစိတ်ရှိမှု၊ ကိုယ့်ကိုယ်ကိုယ်ကျန်းမာအောင် နေတတ်မှု၊ ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားမှု၊ ဒါကိုပဲဖြစ်စေချင်တာ။

### မိဘတွေအနေနဲ့လည်း လေ့လာစောင့်ကြည့်သင့်တဲ့အရာ

နိုင်ငံတော်က အကြမ်းဖက်လုပ်ငန်းတွေ ရပ်တန့်သွားအောင်၊ အပြစ်မဲ့ပြည်သူတွေ မသေအောင် pdf game application အသုံးပြုသူတွေကို ထိထိရောက်ရောက်အရေးယူမယ်လို့ အကြိမ်ကြိမ် ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေကို ပြည်သူအားလုံးက အလေးအနက်ဂရုပြုသင့်တယ်လို့ ထင်ပါတယ်။ မှန်ပါတယ်။ လူသတ်သမားတွေဆီ ရောက်မယ့် ဝင်ငွေလမ်းကြောင်းကို ဖြတ်တောက်ချင်လို့ပါပဲ။ သူတို့ကတော့ ပြောပါလိမ့်မယ်၊ နိုင်ငံတော်က ထုတ်ပြန်ကြေညာချက်တွေကို ဂရုစိုက်စရာမလိုဘူး၊ ထောက်ပို့ကလစ်ကာတွေကို မရပ်ပါနဲ့၊ မကြောက်ပါနဲ့ စည်းရုံးသိမ်းသွင်းပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် အခုလို pdf game clip တွေကြောင့် သူတို့ဆီဝင်တဲ့ဝင်ငွေတွေဟာ လအလိုက် သိန်းချီထောင်ချီ ပမာဏများပြားတဲ့အတွက်ကြောင့်ပါပဲ၊ ဒီလိုသိန်းထောင်ချီပမာဏရနေတဲ့ ဝင်ငွေရပ်တန့်သွားမှာ သေမလောက်ကြောက်ပါတယ်။ ဒါကြောင့်ပြောပါတယ်၊ ကိုယ့်ရဲ့ကလစ်တစ်ခုကြောင့် ဒီလိုအကြမ်းဖက်ဖြစ်စဉ်တွေမှာ ပါဝင်သွားမိတယ်ဆိုရင် အလွန်ကို မိုက်မဲရာကျတာပေါ့၊ မိဘတွေအနေနဲ့လည်း မိမိတို့သားသမီးတွေရဲ့ ဂိမ်းကစားတဲ့အလေ့အထကို လေ့လာစောင့်ကြည့်သင့်ပါတယ်။ သာမန်ရိုးရိုးဂိမ်းကစားတာက အကြောင်းမဟုတ်ပါဘူး၊ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ သွယ်ဝိုက်ပတ်သက်ပြီး မိမိရဲ့သားသမီးတွေ ကိုယ်တိုင်ပါဝင်ပတ်သက်နေလို့ ဒါမှမဟုတ် အရေးယူခံရတဲ့အခြေအနေ၊ ဒီအခြေအနေတွေကြောင့် နောက်မှ နောင်တရ၊ ဝမ်းနည်းစရာအဖြစ်တွေမဖြစ်အောင် ကြိုတင်ဗဟုသုတရှိပြီး မိမိသားသမီးတွေကို ထိန်းကျောင်းသင့်တယ်လို့ ယူဆမိပါတယ်။

### မြင်အောင်ကြည့်ရမယ့် ပီဒီအက်ဖ်ဂိမ်းစီးပွားရေးသမားတွေရဲ့ထောင်ချောက်

ဒီတော့ pdf game ဆိုတာ ဘယ်လို application လဲ၊ လေ့လာကြည့်တော့ ပီဒီအက်ဖ်တွေ သူတို့ကိုယ်တိုင်ထွင်ထားတဲ့ ဖြားယောင်းသိမ်းသွင်းခြင်း ဂိမ်းတစ်မျိုးပါပဲ၊ ဂိမ်းဆိုပေမယ့် ကြော်ငြာလည်းပါတယ်၊ ဂိမ်းလည်းကစား ကြော်ငြာလည်းကြည့်ပေါ့၊ ကြော်ငြာဆိုတာက Google နဲ့ချိတ်ထားတာ၊ ကြော်ငြာအများစုက ယူကေနဲ့ ယူအက်စ်က လာတယ်ဆိုတော့ အပျက်သဘောဖန်တီးသူတွေရဲ့ ဘယ်လိုစေတနာဆိုးလဲ၊ သဘောပေါက်လွယ်မှာပါ။ ဂိမ်းက တိုက်ပွဲဂိမ်း၊ ပစ်ခတ်မှုတွေပါတယ်၊ တိုက်ပွဲတစ်ပွဲ ဘယ်လိုတိုက်မလဲ၊ အက်ပလီကေးရှင်းက သင်ပေးတယ်၊ လူငယ်တွေကိုဆွဲဆောင်တဲ့အနေနဲ့ ခေတ်မီသေနတ်မျိုးစုံကို ကိုင်တွယ်ရတယ်၊ သွေးဆာနေသူတွေအတွက် ကျေနပ်စရာတော့ ကောင်းတာပေါ့၊ တိုက်ပွဲတစ်ပွဲအတွက် ကနဦးပေးထားတဲ့ကျည်က ၄၀၊ ၅၀ လောက်ပဲပါပါတယ်၊ ဒီအခါ ပစ်ရခတ်ရတဲ့အခါ ဘယ်လိုမှမလောက်နိုင်ပါဘူး။ မလောက်ငအောင်လည်း တမင်ဖန်တီးထားတာ၊ အဲဒီအတွက် ကျည်အမြန်ဖြည့်ဖို့ လိုလာတယ်၊ ကျည်ဖြည့်တင်းဖို့ မဖြစ်မနေလုပ်ရမယ့်အလုပ်က ကြော်ငြာကို များများကြည့်ပေးဖို့ပါပဲ၊ ကျည်ကုန်တိုင်းတက်လာတဲ့ကြော်ငြာကို ကြည့်ပေးရတယ်၊ ကျည်ကုန်တာကလည်း မြန်၊ ကြော်ငြာတစ်ခုကြည့်တိုင်းလည်း ကျည်က ၁၀ တောင့်လောက်ပဲ ဖြည့်ပေးတာ၊ ထပ်တလဲလဲဖြည့်လိုက်၊ ကုန်လိုက်၊ ကြည့်လိုက်ပေါ့၊ ကျည်ကသာ အကုန်မြန်တာ၊ ကြည့်ရတဲ့ကြော်ငြာက တစ်ခါကြည့် ငါးမိနစ်၊ ၁၀ မိနစ်ကြာတယ်။ တကယ်လို့ ကိုယ်က ကြော်ငြာမကြည့်ဘူးဆိုပါစို့၊ သတ်မှတ်ထားတဲ့အချိန်ပြည့်သွားရင် ကိုယ်က တိုက်ပွဲကျမှာပဲ၊ တိုက်ပွဲကျမှာစိုးလို့ မခံချင်ဘဲ ဆက်တိုက်ရင်လည်း ကိုယ့်ဘက်က ရှုံးသမျှပြောင်ဖို့ပဲ၊ နောက်ဆုံးဂိမ်းကိုစွဲ၊ စီးပွားရေးသမားတွေရဲ့လှည့်ကွက်ထဲမှာ ဂိမ်းဖန်တီးရှင်ပီဒီအက်ဖ်ရဲ့ သားကောင်ဘဝရောက်ရတာပါပဲ။ တိုက်ပွဲပစ်ခတ်ချိန်ထက် ကြော်ငြာကြည့်ချိန်က ပိုများနေတဲ့အခြေအနေက ပီဒီအက်ဖ်ဂိမ်းဖန်တီးသူတွေရဲ့ စီးပွားရေးကစားကွက်ပါပဲ။

### အမုန်းအာဃာတတွေရိုက်သွင်းရာ လက်နက်ကိရိယာတစ်ခုမျှသာ

ဒီအချက်ကို ဂိမ်းကစားတဲ့လူငယ်လေးတွေနဲ့ မိဘတွေ မြင်အောင်ကြည့်စေချင်တယ်၊ စီးပွားရေးသမားတွေအတွက်ကတော့ တစ်ချက်ခုတ် သုံး၊လေးချက် ပြတ်သွားမလောက်ပါပဲ။ စီးပွားရေးအမြတ်အစွန်း၊ အကြမ်းဖက်အားပေးတာနဲ့ လူငယ်တွေရဲ့စိတ်ဓာတ်တွေကို အညွန့်ခူးရိုက်ချိုးလိုက်တာပါပဲ။ ဒီငွေတွေ စီးပွားရေးသမားတွေ လက်ထဲရောက်သွားတော့ ဘာလုပ်မလဲ၊ အကြမ်းဖက်လုပ်ဖို့ လူသတ်လက်နက်ပဲ ဝယ်မှာပေါ့၊ တိုင်းပြည်ပျက်ဖို့ ဖျက်ဆီးကြမှာပေါ့။ လူငယ်ရဲ့သဘောသဘာဝက စူးစမ်းချင်တယ်၊ သွေးဆူလွယ်တယ်၊ အသစ်အဆန်းဆိုလုပ်ကြည့်ချင်တယ်။ ဒီလက္ခဏာတွေက အဖျက်သမားတွေရဲ့အကြိုက်။ ကောင်းတဲ့ဘက်မှာဆို အလွန်အသုံးကျလောက်ပေမယ့် အကြမ်းဖက်စိတ်ဓာတ် ရိုက်သွင်းခံထားရတဲ့လူငယ်တွေအတွက်တော့ မီးလောင်ရာလေပင့် လောင်စာတစ်မျိုးဖြစ်သွားရော။ ဒီလိုအနေအထားမျိုးကတစ်ဆင့် အကြမ်းဖက် စစ်သွေးကြွပုံစံတွေဖြစ်လာမယ်၊ မိမိပစ်မှတ်တွေအပေါ် အလွန်ရင့်သီးတဲ့ အသုံးအနှုန်းတွေကို သုံးစွဲဖန်များလာတဲ့အခါ မိမိမသိစိတ်မှာ အမုန်းတွေ၊ အာဃာတတွေသာ ကြီးစိုးလာပါတော့တယ်။

စာမျက်နှာ ၁၁ သို့ ✤

**"နောက်ဆုံးပြောချင်တာက လူငယ်တွေအနေနဲ့ ရည်မှန်းချက်ရှိပါ။ ဒီအချိန်က အားလုံးမှာ ဖိစီးမှုတွေနဲ့ ကျပ်တည်းကြတာပါပဲ။ ဒါပေမဲ့ ကိုယ့်ဘဝအနာဂတ်လှပဖို့ အခွင့်အလမ်းတစ်ခုခုတော့ ရှိနေမှာဖြစ်တဲ့ အတွက် ပညာဉာဏ်အမြော်အမြင်နဲ့ အခွင့်အလမ်းကို ရအောင်ရှာပြီး ကိုယ့်အတွက် အားသာချက်တွေရအောင်ဖန်တီးပါလို့ တိုက်တွန်းချင်ပါတယ်"**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သားငါးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သားငါးကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တာဝန်ကျေပွန်အောင် ဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သားငါးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်နေကြရသည့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် တာဝန်ကျေပွန်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီးမှထုတ်လုပ်သည့် ကုန်ကြမ်းများအား အဓိကထားအသုံးချပြီး ယခင်ကာလများမှ ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များအပေါ် သင်ခန်းစာယူကာ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် တာဝန်ရှိသူများ အနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စည်ပင်သာယာရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနတို့မှ တိုင်းဒေသကြီး ဦးစီးမှူးများက မိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် သားငါးကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း သားငါးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အထွေထွေဖြည့်စွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်စွက်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက် ပေးကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းခြင်းသင်တန်းဖွင့်လှစ်



**မော်လမြိုင် ဇွန် ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းရေးသွင်းခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီးမျိုးဆွေ၊ မော်လမြိုင်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူး၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✤ စာမျက်နှာ ၁၀ မှ

ဒါဟာ အဖျက်သမားတွေ အလိုချင်ဆုံး ပျက်သုဉ်းရေးအမှတ် လက္ခဏာတွေပါပဲ။ ကျွန်တော်တို့အနေနဲ့ မိဘနေရာက သဘောထားပြီး ကျွန်တော်တို့ သားသမီးလူငယ်တွေကို ဒီလိုအခြေအနေဆိုးဆီ မရောက်စေချင်ပါဘူး။ ရောက်နေတဲ့ကလေးတွေကိုလည်း အချိန်မီဆွဲတင်နိုင်ရပါမယ်။

**နောက်ဆုံးပြောချင်တာက လူငယ်တွေအနေနဲ့ ရည်မှန်းချက်ရှိပါ။ ဒီအချိန်က အားလုံးမှာ ဖိစီးမှုတွေနဲ့ ကျပ်တည်းကြတာပါပဲ။ ဒါပေမဲ့ ကိုယ့်ဘဝ အနာဂတ်လှပဖို့ အခွင့်အလမ်းတစ်ခုခုတော့ ရှိနေမှာဖြစ်တဲ့အတွက် ပညာဉာဏ်အမြော်အမြင်နဲ့ အခွင့်အလမ်းကိုရအောင် ရှာပြီး ကိုယ့်အတွက်အားသာချက်တွေရအောင် ဖန်တီးပါလို့ တိုက်တွန်းချင်ပါတယ်။**

ပညာဉာဏ်အတွက်တော့ စာများများဖတ်၊ များများလေ့လာပါ။ ထောင့်စုံအောင်တွေးပါ၊ မိဘ ဆရာသမားစကားနားထောင်ပါ၊ မိမိကြောင့် မိမိမိဘတွေ၊ ညီအစ်ကိုမောင်နှမတွေ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဒုက္ခမရောက်ကြပါစေနဲ့။ အတွေ့အကြုံရှိသူတွေဆီက လေ့လာသင်ယူပါ၊ မေးမြန်းပါ၊ အကြံဉာဏ်တောင်းပါ။ အတိုင်းအတာတစ်ခုမှာ ပိုင်းခြားဆင်ခြင်သုံးသပ်တတ်လာပါလိမ့်မယ်။

နောက်ဆုံး အမှား၊ အမှန်ခွဲခြားတတ်လာပါလိမ့်မယ်။ ဘယ်ဟာအမှား ဘယ်ဟာအမှန်၊ ဆောင်ရန်ရှောင်ရန်နဲ့တကွ ဘာကိုတော့လုပ်သင့်တယ်၊ ဘာကိုတော့ မလုပ်သင့်ဘူး ခွဲခြားတတ်လာပါလိမ့်မယ်။ အနည်းဆုံးတော့ အခုလိုကာလမှာ ပီဒီအက်ဖ်ဂိမ်းဆိုတာကြီးကို ဝေးဝေးက ရှောင်စေချင်ပါတယ်၊ လက်တည့်လည်းမစမ်းပါနဲ့၊ ပါဝင်ပတ်သက်နေမိရင်လည်း မြန်မြန်ခွာပါ၊ မိမိဖုန်းထဲ ထားသိုသိမ်းဆည်းထားတဲ့ ပီဒီအက်ဖ်ဂိမ်းအက်ပလီကေးရှင်းတွေကို အမြန်ဖျက်ပါ။ ရှာဖွေသိမ်းဆည်းခံရတဲ့အခါ အကြမ်းဖက်ဥပဒေအရ အရေးယူခံရနိုင်တဲ့ အခြေအနေနဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ဘဝနဲ့ယှဉ်ပြီး အလေးအနက်ထား စဉ်းစားကြပါ။

နောက်ဆုံးရဲ့နောက်ဆုံးမှာ မှာချင်တာတစ်ခုပဲ ရှိပါတယ်။ ကိုယ့်ဘဝမှာ ရွေးချယ်မှု မှန်မှန်ကန်ကန်နဲ့ ကိုယ့်ကိုယ်ကိုယ် နှစ်ရာရောက်မယ့်လမ်းကို မရွေးချယ်မိကြစေဖို့ပါပဲ...။ ။

## မြန်မာမှာ သာတဲ့ "လ"

❖ မျိုးဆက်သစ်အား၊ ဖေ့ချစ်သား . . .<br>
တို့များနေရာ၊ တို့ပြည်ရွာဝယ်<br>
စာတွေမပြတ်၊ ရှာဖွေဖတ်<br>
စာတတ်ပေတတ် လိုအပ်တယ် . . .။

❖ နိုင်ငံလူမျိုး၊ ကိုယ့်အကျိုးတွက်<br>
ကောင်းဆိုးမှားမှန်၊ အတန်တန်လျှင်<br>
ဝေဖန်ပိုင်းခြား၊ သိမြင်များဖို့<br>
ဖတ်ကြား၍သာ၊ တစ်နေ့မကွာ<br>
လေ့လာဆည်းပူးနေရမယ် . . .။

❖ **"ကုသိုလ်" "ဥစ္စာ"**၊ အဖြာဖြာလျှင်<br>
**"ပညာ"**သုံးခု၊ တစ်နေ့မှု၌<br>
တစ်ခုခုသာ၊ ရအောင်ရှာ<br>
ပညာရှိများမိန့်ခဲ့တယ် . . .။

❖ ရိုးသားစင်ကြယ်၊ တို့လူငယ်များ<br>
အရွယ်သုံးပါး၊ မုန်းမပွားဘဲ<br>
နှလုံးသားဖြူစင်၊ ဉာဏ်ကောင်းရှင်ဖို့<br>
အလျဉ်မပြတ်၊ တွင်တွင်ဖတ်<br>
ကျက်မှတ်လျက်သာ နေကောင်းတယ် . . .။

❖ မြို့ကြီးမြို့ငယ်၊ အသွယ်သွယ်ပြင်<br>
မြို့နယ်သေးမွှာ၊ အရေးပါပြီး<br>
ကျေးရွာဇနပုဒ်၊ လယ်ယာလုပ်<br>
စာအုပ်စာပေ ရှိရမယ် . . .။

❖ နိုင်ငံတော်မူ၊ များပြည်သူတို့<br>
ညီတူလှုပ်ရှား၊ မရပ်နားဘဲ<br>
ကိုယ့်အားကိုယ်ကိုး၊ ဖော်ဆောင်ပျိုးသော်<br>
အကျိုးများကြောင်း၊ ရလဒ်ကောင်းဖြင့်<br>
ငါးသောင်းကျော်လာ၊ ခုအခါ<br>
ကျေးရွာစာကြည့်တိုက် ပေါ်ခဲ့တယ် . . .။

❖ စာကြည့်တိုက်များ၊ ရေရှည်အားဖြင့်<br>
ခံ့ညားဖွံ့ဖြိုး၊ တိုးထက်တိုးဖြင့်<br>
ပံ့ပိုးမနှေး၊ အကျိုးဆောင်ပေး<br>
အမျိုးသားရေးတာဝန်ကွယ် . . .။

❖ **နိုင်ငံတော်အား**၊ စွမ်းပကားဖြင့်<br>
ပွားများတွင်တွင်၊ အလှူရှင်တို့<br>
တူယှဉ်တွဲကာ၊ နွေးထွေးစွာပင်<br>
ကျေးရွာစွန်ဖျား၊ ကွင်းဆင်းသွား<br>
များပြားစာအုပ် လှူဒါန်းတယ် . . .။

❖ ကျေးလက်ပြည်သူ၊ များရှင်လူနှင့်<br>
တောသူတောင်သား၊ လယ်သမားတို့<br>
သိ-ကြား-မြင်-တွေး၊ ခေတ်မီရေးတွက်<br>
စာရေးဆရာ၊ အယ်ဒီတာလည်း<br>
ပြည်ရွာတစ်ကြော၊ ယာလယ်တောတွင်<br>
ဟောပြောဆွေးနွေး၊ ပညာပေး<br>
စာရေးစာဖတ်ကြစို့ကွယ် . . .။

❖ စာဖတ်ပျော်မွေ့၊ သည်အလေ့ကြောင့်<br>
လက်တွေ့ပွင့်လန်း၊ သိမြင်ကျွမ်းပြီး<br>
စွမ်းစွမ်းတမံ၊ ပြုကျင့်ကြံ<br>
နိုင်ငံဖွံ့ဖြိုး တိုးတက်မယ် . . .။<br>
အမှန်အကန်ပျိုး အကျိုးဆက်ကွယ် . . .။<br>
အဖန်ဖန်တန်ခိုး မိုးထက်ကျယ် . . .။

**မင်းယဉ်စု**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ အဖြစ်ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာ ချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

**သွားရောက်ကြည့်ရှု**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထား ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ် ကြီး လူအေးနှင့် အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့ အဝင် ပင်လယ်ကမ်းခြေ၌ ပြုလုပ်သည့် မိုးရာသီ အုန်းပင်စိုက်ပွဲတော်တွင် အုန်းပင်များ စိုက်ပျိုး နေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။ ထို့ပြင် ဂုံးချိန် ရပ်ကွက်ရှိ ဂုံးချိန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စားသောက် ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်က ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၄

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက် ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ် ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများ တွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ် ရေးအဖွဲ့များ သည် ကျောက်ဖြူမြို့ အစိုးရအဖွဲ့ရိပ်သာ ဘေးပတ်လည်ရှိ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ် များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည်။



အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် သာစည်ကျေးရွာ ရွာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ လဲကျနေ သော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းပေး ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းလုပ်ငန်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီ ကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသ ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဥယျာဉ်သာကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးပြီး ပါဒလိတ်ကျေးရွာအနီး ရန်ကုန်-စစ်တွေသွား ကားလမ်းမကြီးဘေးရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ် များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင် ရွက်ပေးလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရေချမ်းပြင် ကျေးရွာ၌ လမ်းဘေး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ မြို့သစ်တောင် ရပ်ကွက် ကမ်းနားလမ်းရှိ အမှိုက်ပုံများ၊ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များက မြို့မ ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇွန် ၁၄

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ၏ စားသောက်ရေး အဆင်ပြေစေ ရန်နှင့် မိမိတို့အလိုရှိရာ စားသောက် ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာ စွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်မတော် သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



**ဝယ်ယူအားပေး**

ဇွန် ၁၃ ရက်တွင်လည်း စစ်တွေ မြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက် ပစ္စည်းများ၊ ဟင်းသီးဟင်းရွက် များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်း တို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲ ခြောက်၊ ဘီစကွတ်နှင့် စည်သွတ် ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ် စားတော်ပဲဘူး၊ ကြက်သားအာလူး ဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက် သီးသနပ်ဘူး စသည့် စားသောက် ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင် များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက် ပစ္စည်းများကို ပြင်ပပေါက်ဈေး ထက်သက်သာသော ဈေးနှုန်းများ ဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာန ဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်း နှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှု အပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ဆပ်ပြာပြုလုပ်နည်းသင်တန်းဖွင့်

ရေတာရှည် ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ သမဝါယမနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနက ကျင်းပသော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ခင်တန်းကြီးကျေးရွာအုပ်စု နတ်ရေတွင်းကျေးရွာ၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြော ကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော့မောင်မောင်က သင်တန်းဖွင့်လှစ် ရခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသား တစ်ဦးအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက် ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကမ္ဘာပေါ်တွင် ဉာဏ်ရည်တုနည်းပညာစောင့်ကြည့်စစ်ဆေးရေးအေဂျင်စီ ဖွဲ့စည်းသွားရန်လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြောကြား



**နယူးယောက် ဇွန် ၁၄**

ကမ္ဘာပေါ်တွင် ဉာဏ်ရည်တုနည်းပညာစောင့်ကြည့်စစ်ဆေးရေးအေဂျင်စီ ဖွဲ့စည်းသွားရန်လိုအပ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အေဂျင်စီအား အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီကဲ့သို့ ဖွဲ့စည်းတည်ထောင်သွားရမည်ဖြစ်ကြောင်း ၎င်းက နယူးယောက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မှတ်ချက်ပြုသည်။

ယခုကဲ့သို့ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အေဂျင်စီဖွဲ့စည်းရန် အကြံပေးခြင်းသည် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြု၍ ဒစ်ဂျစ်တယ်ပလက်ဖောင်းများတွင် သတင်းတုသတင်းမှားများ ထုတ်လွှင့်နေသည့် ကိစ္စရပ်များကို ဖြေရှင်းသွားရန်အတွက် နိုင်ငံတကာစည်းမျဉ်းများအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာပလက်ဖောင်းများတွင် အမုန်းစကားနှင့်သတင်းတု၊ သတင်းမှားများ ပြန့်ပွားနေခြင်းဖြင့် ကမ္ဘာကြီးအား အနှောင့်အယှက်ဖြစ်စေပြီး ၎င်းကဲ့သို့သောနည်းပညာ၏ နှောင့်ယှက်မှုများကို ဖြေရှင်းခြင်းမပြုဘဲ ရှောင်လွှဲ၍မရကြောင်း ဂူတာရက်စ်က ပြောကြားသည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရများ၊ နည်းပညာကုမ္ပဏီများနှင့် နည်းပညာလုပ်ငန်းနယ်ပယ်မှ တာဝန်ရှိသူများသည် ဒစ်ဂျစ်တယ်ပလက်ဖောင်းများတွင် သတင်းတု၊ သတင်းမှားများနှင့် အမုန်းစကားများ ပြန့်ပွားခြင်းကို တားဆီးရန် တာဝန်ရှိကြောင်း ၎င်းကမှတ်ချက်ပြုသည်။

**ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**

## ဂျပန်နိုင်ငံရှိ မူလတန်းကျောင်းတစ်ကျောင်း၌ AI ဉာဏ်ရည်တု နည်းပညာ အသုံးပြုမှုနှင့်ပတ်သက်၍ အသိပညာပေး



**တိုကျို ဇွန် ၁၄**

ဂျပန်နိုင်ငံရှိ မူလတန်းကျောင်းတစ်ကျောင်းသည် AI ဉာဏ်ရည်တု အသုံးပြုနည်းနှင့်ပတ်သက်ပြီး ကလေးငယ်များကို အသိပညာပေးသင်တန်းတစ်ခု ကျင်းပပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ ChatGPT နှင့် အခြားသော chatbot များသည် ပြည်သူများအကြား ရေပန်းစားလျက်ရှိသည်။

**နှစ်သက်ခဲ့**

တိုကျိုအနီး ချီဘာစီရင်စုရှိ မူလတန်းကျောင်းမှ ပဉ္စမတန်းကျောင်းသားများသည် "SDGs ဟူသည် အဘယ်နည်း"ကဲ့သို့သော မေးခွန်းကိုမေးခဲ့ရာ Chat GPT က SDGs ဟူသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ဖြစ်သည်ဟု ချက်ချင်းဖြေကြားမှုကြောင့် ကျောင်းသား ကျောင်းသူများက နှစ်သက်ခဲ့ကြသည်။

ChatGPT ၏ပြန်လည်ဖြေကြားမှုများသည် အွန်လိုင်းတွင် ယခုရရှိနိုင်သည့် အချက်အလက်များကိုသာ ဖြေကြားပေးခြင်းဖြစ်ပြီး တစ်ခါတစ်ရံ အဖြေများမှာ မှားယွင်းနိုင်ကြောင်းကို နည်းပြဆရာက ကျောင်းသား ကျောင်းသူများအား ရှင်းပြခဲ့သည်။

အခြား ကျောင်းသားတစ်ဦး မေးမြန်းထားသည့် မေးခွန်းကို ပြန်လည်မေးမြန်းကြည့်ရာ Chat GPT ၏ ပြန်လည်ဖြေကြားမှုမှာ တူညီမှုမရှိကြောင်းနှင့် မေးခွန်းဖြေဆိုမှု၏ အခြေခံစနစ်မှာ အမြဲတမ်း ပြောင်းလဲလျက်ရှိသည်ကို သိရှိရကြောင်း ကျောင်းသူတစ်ဦးက ဆိုသည်။

အဆိုပါ နည်းပညာကို တီထွင်ဖန်တီးမှုနည်းလမ်းဖြင့် အသုံးချသွားရန် လိုအပ်ပြီး ၎င်း၏ဖြေကြားမှုများအပေါ် ရာနှုန်းပြည့်ယုံကြည်ထားရန် မလိုအပ်ကြောင်းနှင့် ချင့်ချိန်အသုံးပြုသွားရန် လိုအပ်ကြောင်း နည်းပြဆရာတစ်ဦးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**

## ဂရိနိုင်ငံ၌ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ လိုက်ပါလာသည့် ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်၊ ၃၂ ဦး သေဆုံး

**အေသင် ဇွန် ၁၄**

ဂရိနိုင်ငံ အနောက်တောင်ပိုင်း၌ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများလိုက်ပါလာသည့် ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ၃၂ ဦး သေဆုံးခဲ့ကြောင်း ဂရိနိုင်ငံပိုင် သတင်းအေဂျင်စီ AMNA က ယနေ့ ပြောကြားသည်။

**ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ**

ခရီးသည်တစ်ရာ့လေးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဂရိကမ်းရိုးတန်းစောင့်အဖွဲ့၏ အီးမေးလ်သတင်းထုတ်ပြန်ချက်အရ ခရီးသည်များတွင် အသက်ကယ်ဝတ်စုံများမပါရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ဂရိနိုင်ငံ ပီလိုစ်မြို့ရှိ ကမ်းရိုးတန်းအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ငါးဖမ်းသင်္ဘောသည် လစ်ဗျားနိုင်ငံမှ အီတလီနိုင်ငံသို့ ရွက်လွှင့်လာခြင်းဖြစ်ကြောင်း အသက်ရှင်လွတ်မြောက်လာသူများက အာဏာပိုင်များကို ပြောကြားသည်။

ဂရိနိုင်ငံသည် ၂၀၁၅ ခုနှစ်မှစပြီး ဒုက္ခသည်နှင့် ရွှေ့ပြောင်းလုပ်သားဝင်ရောက်မှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



## နမီးဘီးယားနိုင်ငံတွင် ၂၀၂၆ ခုနှစ်၌ တစ်ခါသုံးပလတ်စတစ် အသုံးပြုမှုကို ပိတ်ပင်မည်

**ဝင်းဟောက်စ် ဇွန် ၁၄**

နမီးဘီးယားနိုင်ငံတွင် ၂၀၂၆ ခုနှစ်၌ တစ်ခါသုံးပလတ်စတစ် အသုံးပြုမှုကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

၎င်းကဲ့သို့ ပိတ်ပင်ခြင်းအားဖြင့် သမုဒ္ဒရာများနှင့်သစ်တောများအပါအဝင် သဘာဝပတ်ဝန်းကျင်များတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများလျော့နည်းသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့်ခရီးသွားလုပ်ငန်းဝန်ကြီး ပိုးဟန်ဗာရှီတာက မှတ်ချက်ပြုသည်။

ယခုပိတ်ပင်လိုက်သည့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများတွင် ပလတ်စတစ်ဈေးဝယ်အိတ်များပါဝင်ပြီး ပလတ်စတစ်အအေးသောက်ပိုက်များနှင့် ပလတ်စတစ်နားကြပ်တံများ ရောင်းဝယ်ခြင်းကိုလည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ ပိတ်ပင်မည်ဖြစ်သည်။

ထို့ပြင် နိုင်ငံအတွင်းရှိပန်းခြံများတွင် ပလတ်စတစ်အိတ်များသုံးစွဲခြင်းကို ပိတ်ပင်ထားပြီး ပလတ်စတစ်အိတ်သုံးစွဲခြင်းအား အခွန်ကောက်ခံလျက်ရှိသည်။ ၎င်းကဲ့သို့ ကောက်ခံရရှိသည့်အခွန်ငွေများအား သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သုံးစွဲသွားမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမလေးလအတွင်း နိုင်ငံတကာခရီးသည် ၁ ဒသမ ၇၂ သန်း လာရောက်ခဲ့



**ဖနောင်ပင် ဇွန် ၁၄**

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမလေးလအတွင်း နိုင်ငံတကာခရီးသည် ၁ ဒသမ ၇၂ သန်း ရောက်ရှိခဲ့ပြီး ၎င်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၆၁၃ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံမှ ခရီးသည် အများဆုံးလာရောက်ခဲ့ပြီး ဗီယက်နမ်နှင့်တရုတ်ခရီးသည်များလည်း လာရောက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ပထမလေးလအတွင်း ထိုင်းခရီးသည် ၅၇၀၀၂၁ ဦး၊ ဗီယက်နမ်ခရီးသည် ၂၈၉၆၄၃ ဦးနှင့် တရုတ်ခရီးသည် ၁၈၄၀၀၉ ဦး အသီးသီးလာရောက်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသည် လေးသန်းကျော်ကို နိုင်ငံအတွင်းလာရောက်စေရေး ရည်မှန်းချက်ထားရှိကြောင်းနှင့် တရုတ်နိုင်ငံမှ ခရီးသွားလုပ်ငန်းများကို ပြည်ပနိုင်ငံများသို့ ပြန်လည်သွားရောက်ခွင့်ပြုခြင်းသည် ကမ္ဘောဒီးယားနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက်အကျိုးရှိစေခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်းက မှတ်ချက်ပြုသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အကြမ်းဖက်သမားများကို ငှားရမ်းနေထိုင်ခွင့်ပြုပေးသူ နေအိမ်တိုက်ခန်းပိုင်ရှင်များနှင့်စပ်လျဉ်း၍ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားဘဲ နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH၊ NUG နှင့် PDF အမည်ခံ အဖွဲ့အစည်းအမျိုးမျိုး၊ ယင်းတို့နှင့်ဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတို့က နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ ပုဂ္ဂိုလ်ရေးအငြိုးထားသတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

၎င်းတို့ကို အလွယ်တကူ ခြေရာခံနိုင်ခြင်းမရှိစေရန်အတွက် အဆောင်များနှင့် နေအိမ်တိုက်ခန်းများတွင် ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသည့်ဖြစ်စဉ်များအရ တွေ့ရှိရသည်။

ယင်းလုပ်ဆောင်မှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် အဆောင်၊ နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် ငှားရမ်းသူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာရရှိမှသာ ငှားရမ်းခြင်းနှင့် ယင်းအချက်အလက် အထောက်အထားများဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အကြမ်းဖက်မှုကျူးလွန်သည့် ငှားရမ်းနေထိုင်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အခါ ငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို အမှုနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားခဲ့ပြီး ဖြစ်သည်။

ထိုသို့ အသိပေးထုတ်ပြန်ခဲ့သော်လည်း နေအိမ်တိုက်ခန်းပိုင်ရှင်အချို့သည် မသိကျိုးကျွန်ပြု၍ ဆက်လက်ငှားရမ်းပေးနေခြင်းသည် အကြမ်းဖက်မှုများကို ဆက်လက်ကျူးလွန်နိုင်အောင် အားပေးကူညီရာရောက်သကဲ့သို့ဖြစ်စေသည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို အဆောက်အအုံနှင့် နေရာတစ်ခုခု အသုံးပြုခွင့်၊ ယာယီတည်းခိုနေထိုင်ခွင့်ပြုသူများသည် အကြမ်းဖက်သမားများနည်းတူ အကြမ်းဖက်မှုကို ကျူးလွန်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ပါ၍ ဖြစ်စဉ်ပေါ်ပေါက်သည့်အခါတွင် နေအိမ်တိုက်ခန်းပိုင်ရှင်များအနေဖြင့် စနစ်တကျစိစစ်၍ ငှားရမ်းခြင်း၊ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း တွေ့ရှိရပါက အဆိုပါငှားရမ်းထားသည့် နေအိမ်တိုက်ခန်းများကို သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည့်အပြင် အကြမ်းဖက်မှုအား အားပေးကူညီသူအဖြစ် အရေးယူခံရနိုင်ကြောင်း ထပ်မံအသိပေး သတင်းထုတ်ပြန်အပ်သည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနပွားရပ်ကွက်နေ ရွှေလရောင်သည် ၎င်းအသုံးပြုသည့် "Shwe La Yaung" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်နေ ကောင်းချမ်းသာမြင့်(ခ)အားဖူသည် ၎င်းအသုံးပြုသည့် "Kaung Chan Thar Myint" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## " ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၁၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ" ဟာသမြို့တော် "ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

" ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ်လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ရဲလေးမ၊ နေကျော်၊ ဟာသမယ်မတူး၊ ရဲထွန်း၊ ကြယ်စင်လင်း၊ လကျော်၊ ရွှေယမင်းနှင့် အိုကေတို့ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။




အဆိုပါအစီအစဉ်တွင် **"ယုံတောင်မယုံနိုင်ဘူး"** ခေါင်းစဉ်ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ရာ MRTV-HD Channel မှ ဇွန် ၁၇ ရက် (စနေနေ့) ည ၈ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဇွန် ၂၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူမြို့ အထက(နတ်စင်ကုန်း)၌ အသိပညာပေး ဟောပြော

တောင်ငူ ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ငါးဖယ်အင်းကျေးရွာအုပ်စု နတ်စင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အနန္တမေတ္တာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်က အဖွင့်အမှာစကားပြောကြားပြီး တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေက အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေး သဘောတူစာချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ နောက်ခံသမိုင်းနှင့် အမျိုးသမီးများစောင့်ရှောက်ရေးအကြောင်း၊ တောင်ငူခရိုင် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ ဒုတိယရဲအုပ်ပေါ်ထွန်းက လူကုန်ကူးမှု ဖြစ်ပေါ်လာပုံ၊ လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ အခန်း(၁၀)ပါ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု ကွဲပြားခြားနားပုံ၊ ခေါင်းပုံဖြတ်မှုများအကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အတွင်းရေးမှူး ဒေါ်သီသီဝင်းက အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ အင်တာနက်ဆိုင်ရာအကြမ်းဖက်ခြင်း၊ အန္တရာယ်ရှိသော ရိုးရာယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခြင်းအကြောင်းတို့ကို ဟောပြောဆွေးနွေးသည်။



အဆိုပါဟောပြောပွဲသို့ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေများ ထောက်ပံ့ပေးအပ်




နေပြည်တော် ဇွန် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်း များဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား ၂၀၂၃ ခုနှစ်၊ မေ ၉ ရက်မှ ၁၆ ရက်အထိ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို လက်ခံကြိုဆိုလျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၁ ဦးတို့သည် မောင်းပြန်သေနတ် ငါးလက်၊ ပစ္စတိုသေနတ် တစ်လက်နှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများထံသို့ လက်နက်များအပ်နှံပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးခြင်းများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် မောင်းပြန်သေနတ်ဖြင့် အလင်းဝင်ရောက်လာသူ ငါးဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ်သိန်း ၅၀ အားလည်းကောင်း၊ ပစ္စတိုသေနတ်ဖြင့် အလင်းဝင်ရောက်လာသူ တစ်ဦးအား ဆုကြေးငွေကျပ် ၂၅ သိန်းအားလည်းကောင်း၊ လက်နက်မဲ့အလင်းဝင်ရောက်လာသူ ငါးဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်သိန်း ၂၀ အား လည်းကောင်း ချီးမြှင့်ပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်၍ ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကိုယ်စား တစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သည့် ရှမ်းပြည်နယ်မှ အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ




တောင်ကြီး ဇွန် ၁၄

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့သည့် ရှမ်းပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ နိုင်ငံ့ကိုယ်စားပြု အားကစားသမား ၃၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခွန်ဘိုကာတာ အားကစားနည်းတွင် ရွှေတစ်ခု၊ ကြေး တစ်ခု၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ကြေးတစ်ခု၊ လှေလှော်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေငါးခု၊ ကြေးနှစ်ခု၊ အားနစ်အားကစားနည်းတွင် ငွေနှစ်ခု၊ ကြေးသုံးခု၊ ဘောလုံးအားကစားနည်းတွင် ငွေတစ်ခု၊ဗိုဗီနမ်အားကစားနည်းတွင် ကြေး သုံးခုနှင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကြေးတစ်ခု စသည်ဖြင့် ရွှေ၊ ငွေ၊ ကြေးတံဆိပ် စုစုပေါင်း ၂၃ ခုတိတိ အောင်မြင်စွာဆွတ်ခူးရယူခဲ့သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး ဆက်လက်ကြိုးပမ်း အားထုတ်ကြရန် ပြောသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားလှုပ်ရှားဆောင်ရွက်မှု အမြင့်မားဆုံးဆု ပထမဆုဖလားအား ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံသို့ အပ်နှင်းသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးတို့က ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ဆုရအားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ပဲခူးတက္ကသိုလ်၌ ကျောင်းမွေးနေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ပဲခူး ဇွန် ၁၄

ပဲခူးတက္ကသိုလ်၌ ကျောင်းမွေးနေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၃ နာရီက ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အေးအေးခိုင်က တက်ရောက် အမှာစကားပြောကြားခဲ့ပြီး စာတမ်းဖတ်ပွဲတွင် ဆုများပေးအပ်ခဲ့သည်။ အဆိုပါ စာတမ်းဖတ်ပွဲတွင် သိပ္ပံဘာသာရပ်သုတေသနစာတမ်း ၁၇ စောင်နှင့် ဝိဇ္ဇာဘာသာရပ် သုတေသနစာတမ်း ၁၄ စောင် ဖတ်ကြားခဲ့ပြီး အကောင်းဆုံး သိပ္ပံဘာသာရပ်သုတေသနစာတမ်းဆုနှင့် အကောင်းဆုံး ဝိဇ္ဇာဘာသာရပ် သုတေသနစာတမ်းဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



ဇွန် ၁၄ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပျဉ်းမငူကျေးရွာအုပ်စု ဆင်းခေါင်းကျေးရွာ အမကအနီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကိုနှင့် ခရိုင်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးအုန်းလွင်နှင့်ဌာနဆိုင်ရာများ၊ ဒေသခံများက ပျိုးပင် ၁၅၀၀ ကို စိုက်ပျိုးပေးကြစဉ်။

ဘော်ဂါသွေး

# မင်းလှမြို့နယ်၌ ဝတ်စားဆင်ယင်မှုနှင့် နေထိုင်ပြောဆိုမှုဆိုင်ရာဟောပြောပွဲကျင်းပ

မင်းလှ ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ အထက စစ်ကွင်းကျောင်း(ရွှေရတုခန်းမ)၌ ကျောင်းသား ကျောင်းသူများအား ဝတ်စားဆင်ယင်မှုနှင့် နေထိုင်ပြောဆိုမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က ဝတ်စားဆင်ယင်မှုနှင့် နေထိုင်ပြောဆိုမှုဆိုင်ရာ အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင်အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခြင်းမခံရအောင် သတိပြုရမည့်အချက်များ၊ လူကုန်ကူးမှုကျူးလွန်ပါက ပြစ်ဒဏ်ကျခံရမည့်အချက်များ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးအရာရှိ ဒေါ်ကေသီမြင့်က သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မြို့နယ်သွားဆရာဝန် ဒေါက်တာမြင့်စိုးက ကျန်းမာရေးဆိုင်ရာအချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်များကိုပြသခဲ့၍ မူးယစ်ဆေးဝါးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

# ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်း မွှေးပါစေ ....

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)





(ယမန်နေ့မှအဆက်)

## ယှဉ်ပြိုင်မှုကြီးမားတဲ့ခေတ်

ရာစုနှစ်နှစ်ခု၊ နှစ်ပေါင်းနှစ်ရာကျော်ကြာ အမေရိကန်နိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ ဥရောပ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ရဲ့ တက္ကသိုလ်နဲ့ကောလိပ်တွေဟာ နိုင်ငံရဲ့တိုးတက်မှုအတွက်ကြိုးစားခဲ့ပါတယ်။ တောထဲကလာတဲ့ပစ္စည်းတွေနဲ့ ပဲရစ်မြို့တော်ကြီးဟာ ကြွယ်ဝချမ်းသာလာတာဖြစ်ပါတယ်။ မြန်မာ့တက္ကသိုလ်တွေဟာ နိုင်ငံရဲ့အနောက်ပိုင်း ပင်လယ်ကမ်းရိုးတန်း၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝှမ်းမြေပြန့်နဲ့ မြန်မာနိုင်ငံရဲ့မြောက်ပိုင်း၊ အရှေ့ပိုင်းမှာ တောင်တန်းဒေသဆိုပြီး သီးခြားစီရှိနေတာကြောင့် အာရုံထားဆည်းပူးရမယ့် ပညာရပ်၊ အကျိုးပြုနိုင်တဲ့ သုတေသန၊ ပရိုဂျက်လုပ်ငန်းတွေဟာ ကွာခြားမှုရှိပါလိမ့်မယ်။ အော်ခက်စတရာလို ချိတ်ဆက်မှု (Community Engagement) ဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီသာမက ဟပ်စပ်မှုရှိရပါလိမ့်မယ်။

လက်တစ်ကမ်းမှာရှိတဲ့ တောထဲတောင်ထဲမှာရှိတဲ့ ကြွယ်ဝမှုကို အလျင်အမြန်ဖော်ထုတ်ကြပြီး တိုင်းပြည်ရဲ့ချမ်းသာကြွယ်ဝမှုကို ကျားကုတ်ကျားခဲ ထူထောင်ကြရမှာဖြစ်ပါတယ်။ Investment လုပ်ရမှာဖြစ်ပါတယ်။ ဒါဟာ အစစ်အမှန်ရင်းနှီးမြှုပ်နှံမှုပဲ။ ဒီခေတ်ပညာရေးဟာ တစ်ကမ္ဘာလုံး Creative နဲ့ Innovative ဘက်ကိုရွှေ့လျားနေတဲ့ ပညာရေးစနစ်ကြီးဖြစ်ပါတယ်။ ၂၁ ရာစုနှစ်ဟာ ယှဉ်ပြိုင်ရတဲ့ ရာစုဖြစ်လာပါတယ်။ ဒီလိုယှဉ်ပြိုင်နိုင်တဲ့ စွမ်းပကားကို ဘယ်မှာရနိုင်သလဲဆိုရင် ပညာရေးမှာပဲဖြစ်ပါတယ်။ တက္ကသိုလ်ကောလိပ်တွေက ပါမောက္ခ၊ ဌာနမှူးကြီးတွေရဲ့ တာဝန်တွေဟာ ပြောင်းလဲလာတဲ့ တောင်းဆိုမှုတွေအရ ပိုပြီးကြီးမားလာပါတယ်။ သင်ကြားရေးသုတေသနနဲ့ ထပ်ဆင့်တီထွင်မှုတွေကို ပိုဦးစားပေးလုပ်လာကြရပါတယ်။ သိပ္ပံနဲ့နည်းပညာဟာ ဒီနေ့လူ့အဖွဲ့အစည်းအတွက် အင်အားကြီးမားစွာ ဖန်တီးပေးနေပါတယ်။ သိပ္ပံနဲ့နည်းပညာနယ်ပယ်ထဲက လေ့လာမှုရလဒ်တွေကြောင့်၊ သုတေသနတွေကြောင့် ထွန်းကားလာမှုဟာ လူသားကောင်းကျိုးအတွက် အသုံးချနိုင်မှုတွေရရှိတာဖြစ်ပါတယ်။

## မြန်မာ့လယ်သမားအင်အားစု

ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်မှာ နိုင်ငံအင်အားတောင့်တင်းဖို့၊ အလယ်အလတ်တန်းစားဝင်ငွေထက်မြင့်တဲ့နိုင်ငံဖြစ်ဖို့ မြန်မာ့လယ်သမားအင်အားစု လူ့စွမ်းအားအရင်းအမြစ်ကို အဖိုးတန်သည်ထက်တန်အောင် အထူးစဉ်းစားကြရပါလိမ့်မယ်။ နိုင်ငံရဲ့စီးပွားရေးဟာ စိုက်ပျိုးရေးအပေါ်မှာ အကြီးအကျယ်အမှီပြုနေရဆဲဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှု၊ မြေပေါ်မြေအောက် သယံဇာတထုတ်လုပ်မှုအပေါ်မှာ တည်ရှိနေဆဲဖြစ်ပါတယ်။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့်မလုပ်နိုင်သေးဘဲ ထုခွဲရောင်းချရတဲ့အပေါ် မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ယနေ့အထိ မူတည်နေဆဲဖြစ်ပါတယ်။

စိုက်ပျိုးရေးမှာပဲ နည်းပညာမြင့် ကျွမ်းကျင်လုပ်သားရှားပါးနေတာကြောင့် အရည်အသွေးမီ သီးနှံထွက်မှုမှာ နိမ့်ကျလျက်ရှိနေပါတယ်။ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ သွင်းကုန်အစားထိုးကုန်ပစ္စည်းတွေ၊ Value-added တန်ဖိုးမြှင့်ထုတ်ကုန်တွေကို ထုတ်လုပ်ရောင်းချခြင်းနဲ့ မိမိတို့မိသားစုစားဝတ်နေရေးဖူလုံရုံမက နိုင်ငံတော်ရဲ့ စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ Knowledge base ကြီးလာတာနဲ့အမျှ ဆင်းရဲတွင်းက ရုန်းထွက်လာနိုင်မှာဖြစ်ပါတယ်။ တောထဲတောင်ထဲကလာတဲ့ ပစ္စည်းတွေနဲ့ ကြွယ်ဝချမ်းသာမှုကို နည်းပညာကသာ ဖော်ဆောင်ပေးနိုင်တာဖြစ်ပါတယ်။ Genome ခေတ်ရောက်လာမယ်ဆိုရင် စိုက်ပျိုးရေးဟာလည်း တစ်ခေတ်ဆန်းလာမှာဖြစ်ပါတယ်။

## စဉ်းစားဆင်ခြင်တတ်တဲ့ လူ့စွမ်းအားအရင်းအမြစ်

ဒီနေ့ လူ့အဖွဲ့အစည်း၊ ကုမ္ပဏီအဖွဲ့အစည်း၊ လူတန်းစားအလွှာအသီးသီးရဲ့ လိုအပ်ချက်တစ်ခုက စဉ်းစားဆင်ခြင်တတ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်ပါတယ်။ ရည်မှန်းချက်ပန်းတိုင် ဦးတည်ချက်ပန်းတိုင်သို့ရောက်အောင်သွားနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်၊ ကုမ္ပဏီအဖွဲ့အစည်းစကားနဲ့ပြောရင် ‘ဘောစ်လိုချင်တာက စဉ်းစားဆင်ခြင်တတ်တဲ့သူ၊ အလုပ်ကို ပြီးမြောက်အောင် ဆောင်ကြဉ်းနိုင်သူ၊ ဘောစ့်လိုချင်တာက ဖြေရှင်းနည်း၊ ပြဿနာမလိုချင်ဘူး၊’ ဆိုသလိုပါပဲ၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်များ ပေါကြွယ်ဝရေးအတွက်ဖြစ်ပါတယ်။

သင်ကြားသင်ယူမှုဆောင်ရွက်ရတဲ့ ကိစ္စတွေမှာ အခြေခံသဘောတရားတွေကတော့ ဝိဇ္ဇာပညာရပ်၊ သိပ္ပံပညာရပ်ဖြစ်စေ နိုင်ငံတကာဝေါဟာရဖြစ်တဲ့ Bloom’s Taxonomy နဲ့ အင်္ဂုတ္တိုရ်ပါဠိတော်လာ ဗုဒ္ဓမိန့်ရဲ့ “သု စိ ပု ဘာ ဝိ လိ သိ ခ” “အက္ခရာရှစ်လုံး” ဟာ ထပ်တူညီမျှပဲဖြစ်ပါတယ်။

အင်္ဂုတ္တိုရ်ပါဠိတော်လာ ဗုဒ္ဓမိန့်ကြားအက္ခရာရှစ်လုံးကတော့-

| | | |
|---|---|---|
| သု- သုဏေယျ | - | ကြားနာရာ၏ |
| စိ-စိန္တေယျ | - | ကြံစည်ရာ၏ |
| ပု-ပုစ္ဆေယျ | - | မေးမြန်းရာ၏ |
| ဘာ-ဘာသေယျ | - | ပြောဆိုရာ၏ |
| ဝိ-ဝိစာရေယျ | - | စူးစမ်းဆင်ခြင်ရာ၏ |
| လိ-လိခေယျ | - | ရေးသားရာ၏ |
| သိ-သိက္ခေယျ | - | လေ့ကျင့်ရာ၏ |
| ခ-ခရေယျ | - | နှုတ်ငုံဆောင်ရာ၏ |

- ✧ သုဏေယျ ... ကြားနာရာ၏။ ဆရာတွေ သင်ကြားပို့ချချက်တွေကို နားလည်အောင် နားထောင်ရလိမ့်မယ်။
- ✧ စိန္တေယျ ... ကြံစည်ရာ၏။ ဒီအဆင့်ဟာ အလွန်မြင့်မားပါတယ်။ Imagination စိတ်ကူးစိတ်သန်းမှုတစ်ခု ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဥပမာ- တို့တိုင်းပြည်ကြီး စက်မှုထွန်းကားအောင် ဘယ်လိုဆောင်ရွက်ကြမလဲ။ တို့တတ်ထားတဲ့ပညာနဲ့ မိမိနဲ့ တိုင်းပြည်အတွက် ဘယ်လိုအသုံးချမလဲ။ (အိုင်းစတိုင်းရဲ့ အဆိုအမိန့်ကတော့ Imagination is more important than Knowledge.)
- ✧ ပုစ္ဆေယျ ... မေးမြန်းရာ၏။ သင်ယူသူက မရှင်းလင်းသည်ကို ဆရာ့အား မေးမြန်းခြင်းဖြင့် အဖြေမှန်ကိုရယူခြင်း၊ ဆရာက မိမိတို့ သင်ကြားပို့ချသော သင်ခန်းစာကို နားလည်၏ မလည်၏ ဆိုသည်ကိုသိရှိရန် အကဲခတ်၊ စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း၊ ဒီလိုလုပ်ရင်းကိုင်ရင်း ကျောင်းသားရဲ့ ဝီရိယအားထုတ်မှု၊ သင်ခန်းစာမှာ စိတ်ဝင်စားမှု၊ စာမေးပွဲစည်းကမ်းကို လိုက်နာမှု၊ ဘာသာရပ်ကို နှစ်သက်မှု၊ ဝါသနာပါမှု၊ မိမိပတ်ဝန်းကျင်ကို လေးစားမှုစတာတွေကို သိရှိနိုင်ပါတယ်။
- ✧ ဘာသေယျ ... ပြောဆိုရာ၏၊ စာသင်တယ်ဆိုတာ စာအုပ်ကိုင်ဖတ်ပြတာမျိုးမဟုတ်၊ ကျောက်သင်ပုန်းပေါ်ရေးပြတာ တစ်ခုတည်းလည်းမဟုတ်၊ ပြောင်းလဲလာတဲ့ သင်ကြားမှုပုံစံဟာ ပြောဆိုဆက်ဆံခြင်းပဲ၊ (Teachers talk to students)ပဲ။ ကျောင်းသားကလည်း ပြန်လည်ပြောဆိုဆွေးနွေးတတ်တဲ့ အတတ်ပညာတစ်ခုရသွားစေရပါမယ်။ ပြည်တွင်းပြည်ပပြဿနာတွေကို ဖြေရှင်းရာမှာ၊ ဆက်ဆံပြောဆိုရာမှာ ဥပဒေပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ၊ နိုင်ငံတကာသုံးစကား တစ်မျိုးမဟုတ်တစ်မျိုး ကျွမ်းကျင်လိမ္မာစွာ ပြောတတ်သူတွေဟာ ယနေ့မြန်မာနိုင်ငံရဲ့ လိုအပ်ချက်ကြီးပဲဖြစ်တယ်။
- ✧ ဝိစာရေယျ ... စူးစမ်းဆင်ခြင်ရာ၏ဆိုတဲ့ ဒီအက္ခရာတစ်လုံးမှာ- နက်နက်နဲနဲစဉ်းစားသုံးသပ်တွေးခေါ်မှု (Critical Thinking)၊ ပြဿနာဖြေရှင်းမှု (Problem Solving)နဲ့ တီထွင်ဖန်တီးမှု (Creativity)၊ ဆန်းသစ်အကဲဖြတ်မှု (Evaluation)၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု(Analytical Skill)တွေ ပါဝင်တယ်။ ဒီကဏ္ဍအတွက် စာမေးပွဲနဲ့ အကဲဖြတ်စစ်ဆေးရာမှာ - Essential competencies၊ conceptual understanding အထူးလိုအပ်တဲ့ ကျွမ်းကျင်မှု သို့မဟုတ် ပညာအခြေခံသဘောတရားများနားလည်မှု) ဆိုတဲ့ ကဏ္ဍနှစ်ရပ်မှာ Problem Solving၊ Analytical skill and Critical Thinking အတွက် ဖောင်းပေးမေးခွန်းထုတ်စစ်ဆေးခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဟာ အရည်အသွေးတွေ ပြည့်ဝလာမှာဖြစ်ပါတယ်။ သိပ္ပံပညာရပ်မှာ လက်တွေ့ခန်းထဲ ဆရာရဲ့ကြီးကြပ်မှုနဲ့ စမ်းသပ်ပြုလုပ်မယ့် လက်တွေ့ (Experiment)၊ ဝိဇ္ဇာပညာရပ်မှာ ဆရာတို့သင်တဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေသာမက စာကြည့်တိုက်ဝင်ပြီး ကိုးကားစာအုပ် ဖတ်ရှုတာ၊ အိမ်စာတွေပေးပြီး အကဲဖြတ်တာတို့ ပြုလုပ်ရပေလိမ့်မယ်။
- ✧ ခေတ်သစ်ပညာရေးမှာ ကိုယ်တိုင်သင်ယူတာကို ပိုအားပေးရမယ်။ ဆရာထံကချည်း မှီခိုနေတာမျိုးမဟုတ်သလို မတတ်သာတဲ့အဆုံး သုံးနာရီသာခံတဲ့ ကျူရှင်ကိုပဲမှီ ကျူရှင်နာခေါင်းပေါက်နဲ့ အသက်ရှူရတဲ့ဘဝက လွတ်အောင်လုပ်နိုင်မှဖြစ်မယ်။ အလွတ်ကျက်စနစ်ကို စွန့်လွှတ်ရလိမ့်မယ်။ ဆရာတွေကတော့ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာပါသဘောတရားတွေ အရှည်သဖြင့် ကျန်နေအောင် သင်ကြားပေးလိုက်ရမယ်။ ဆင်ခြင်ရာ၏ ဆိုရာမှာ

> ❛ကျောင်းပပြီးစီးခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ဟာ အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက်ပါပဲ။ ပညာရေးကို ဗဟိုပြုတဲ့ အမြော်အမြင်၊ အရည်အသွေး၊ အရည်အချင်းတွေ၊ ကျွမ်းကျင်မှုတွေ အသီးသီးပါဝင်တဲ့ လောကဓာတ်ခုံကြီးဟာ မြန်မာ့ဆိုင်းဝိုင်းကြီးလိုတစ်မျိုး၊ တစ်ဦးချင်းစီရဲ့ ဂီတကျွမ်းကျင်မှုတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်၊ အနှေးအမြန် ဌာန်၊ ကရိုဏ်းကျကျ သီဆိုတင်ဆက်တဲ့ သံစုံတီးဝိုင်း {အော်ခက်စတရာ (Orchestra)} လိုတစ်မျိုးဖြစ်ပါတယ်။ ပညာရေးကို ဘယ်ဒေသကမဆို လက်လှမ်းမီဖို့ ဖြည့်ဆည်းထားမှုတွေက ပြည့်စုံနိုင်သမျှပြည့်စုံအောင်ဖြည့်ဆည်းထားတာမို့ ဥပမိရုပ်တွေကလည်း ပို့၍ကောင်း၊ စာကြည့်တိုက်၊ စာသင်ခန်းနဲ့ ဓာတ်ခွဲခန်းတို့ဟာ ကြည်နူးစရာ၊ လွမ်းမောဖွယ်ရာတွေဖြစ်နေပြီလို့ ပြောနိုင်ပါတယ်❜

စာမျက်နှာ ၁၇ သို့ ▼

▼ စာမျက်နှာ ၁၆ မှ

မိမိတို့ စူးစမ်းလေ့လာတဲ့ကိစ္စတွေမှာ ဆင်ဆင်ခြင်ခြင်လုပ်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါသလို စူးစမ်းတဲ့ရလဒ်တွေနဲ့စပ်လျဉ်းပြီး ဆင်ခြင်သုံးသပ်မှုကို အမှန်ဆုံးရောက်အောင် သုံးသပ်တတ်တဲ့ပညာလို့ အဓိပ္ပာယ်ပေါ်ပါတယ်။ မိမိစူးစမ်းလို့ရတဲ့ရလဒ်တွေဟာလည်း ခိုင်မာရမယ်။ အဲဒီရလဒ်တွေအပေါ် ဆင်ခြင်သုံးသပ်ရာမှာ မိမိအလို၊ မိမိဆန္ဒ ထင်ရာမြင်ရာတွေဆီ ရောက်မသွားဖို့ အလွန်အရေးကြီးပါတယ်။ ဒီလိုဆိုရင် ပြဿနာဖြေရှင်းခြင်း (Problem Solving Skill) နဲ့ပတ်သက်လို့ ကျွမ်းကျင်မှုတွေ ရသွားပါလိမ့်မယ်။

✧ လိခေယျ ... ရေးသားရာ၏၊ သိက္ခေယျ... လေ့ကျင့်ရာ၏၊ ဓာရေယျ ... နှုတ်ငုံဆောင်ရာ၏ဆိုတဲ့ အက္ခရာသုံးလုံးကတော့ ကျောင်းသင်ပညာရေးရဲ့ လိုအပ်ချက်ပါပဲ။ ယနေ့ခေတ်မီဒီယာပေါင်းစုံနဲ့ ပြည်ပအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းပြောတာ၊ ပြည်တွင်း ပြည်သူတို့ကို အသိပေးပြောဆိုရာမှာ၊ ပြည်သူ့အရေးကိစ္စအဝဝကို စီမံခန့်ခွဲရာမှာ အထောက်အကူဖြစ်တာမို့ ဒီအက္ခရာသုံးလုံးဟာလည်း လေ့ကျင့်ရင် လေ့ကျင့်သလောက် လူတစ်ဦးချင်းရဲ့ စွမ်းဆောင်ရည်ဟာ မြင့်လာပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ဟာ အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက်ပါပဲ။ ပညာရေးကို ဗဟိုပြုတဲ့ အမြော်အမြင်၊ အရည်အသွေး၊ အရည်အချင်းတွေ၊ ကျွမ်းကျင်မှုတွေ အသီးသီးပါဝင်တဲ့ လောကဇာတ်ခုံကြီးဟာ မြန်မာ့ဆိုင်းဝိုင်းကြီးလို တစ်မျိုး၊ တစ်ဦးချင်းစီရဲ့ ဂီတကျွမ်းကျင်မှုတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်၊ အနေးအမြန် ဌာန်၊ ကရိုဏ်းကျကျ သီဆိုတင်ဆက်တဲ့ သံစုံတီးဝိုင်း {အော်ခက်စတရာ (Orchestra)} လိုတစ်မျိုးဖြစ်ပါတယ်။ ပညာရေးကို ဘယ်ဒေသကမဆို လက်လှမ်းမီဖို့ ဖြည့်ဆည်းထားမှုတွေက ပြည့်စုံနိုင်သမျှပြည့်စုံအောင်ဖြည့်ဆည်းထားတာမို့ ဥပမိရုပ်တွေကလည်း ပို၍ကောင်း၊ စာကြည့်တိုက်၊ စာသင်ခန်းနဲ့ ဓာတ်ခွဲခန်းတို့ဟာ ကြည်နူးစရာ၊ လွမ်းမောဖွယ်ရာတွေဖြစ်နေပြီလို့ ပြောနိုင်ပါတယ်။

ကိုယ့်ရပ်ရွာဒေသနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဖြန့်ကြက်တည်ထောင်ထားတဲ့ ကျောင်းနဲ့ တက္ကသိုလ်တွေမှာ ပညာသင်ယူနိုင်တဲ့အခွင့်အလမ်းတွေ ပိုရှိလာပြီ၊ ကိုယ်ကြီးပြင်းလာခဲ့တဲ့ ကိုယ့်မြေ၊ ကိုယ်ဒေသနဲ့ နိုင်ငံတော်ကို ချစ်မြတ်နိုးတွယ်တာပြီး အနာဂတ်ခရီးကို ဆက်ကြရပေဦးမယ်။ လမ်းခုလတ်မှာ တွေ့ကြုံနိုင်တဲ့အဟန့်အတား၊ ဆူးငြောင့်ခလုတ်တို့ကို မြေဖြူနဲ့ စာအုပ်ကိုင်တဲ့ ဆရာ ဆရာမတွေက ဦးဆောင်၊ ပြည်သူတို့ပါဝင်ပြီး ခုတ်ထွင်ရှင်းလင်းနိုင်မယ့်နည်းလမ်းတွေ ရှာဖွေဆွေးနွေးခဲ့ကြပြီ။ မြန်မာ့လူ့ဘောင်ကို ပညာလွှမ်းမိုးတဲ့ လူ့ဘောင်ဖြစ်ထွန်းရေးထဲမှာ လုပ်သားအင်အားတစ်ခုလုံး သင်ယူနေတဲ့အင်အားဖြစ်ဖို့အတွက် မြန်မာနိုင်ငံဝိဇ္ဇာနဲ့ သိပ္ပံပညာရှင်အဖွဲ့ဟာ ပညာရေးအဆောက်အအုံတစ်ခုအဖြစ် ပါဝင်နေတာကို တွေ့ရှိရပါတယ်။

ကောင်းပါပြီ။ ကလေးဘဝကစလို့ လူလားမြောက်တဲ့အထိ သင်ကြားသင်ယူမှုတွေ အသီးသီး အသက အသက ရယူနိုင်ကြပြီမို့ လိမ္မော်၊ ချယ်ရီ၊ စတော်ဘယ်ရီ၊ မာလကာ၊ ခတ္တာ၊ ဇီဇဝါ၊ ဒေလီယာတို့ပွင့်ကြပြီ။ သရဖီ၊ အင်ကြင်း၊ သဇင်ပင်မင်း မဉ္ဇူတွေ ပွင့်ကြပြီ။ ပွင့်သောပန်းတိုင်း မွှေးကြိုင်လန်းဆန်းစေဖို့ ပညာရေးဥယျာဉ်မှူးတွေက ရေနဲ့၊ လိုအပ်ပါက ချွေးများဆောင်းပြီး လောင်းကြရပေဦးမည်။ တကယ်တော့ ကျွန်ုပ်တို့စိုက်သောပန်းတွေကို ကျွန်ုပ်တို့ပန်ဆင်ဖို့ပဲ မဟုတ်ပါလား။ ။

■

❋ ကန်သာမင်္ဂလာကန်တော်မှ

အဆိုပါကန်သာကန်သည် ယခင်က မြေသားရေလှောင်ကန်ကြီးဖြစ်ကာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်သူများ အားလပ်ချိန်တွင် စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရန်နှင့် ကျန်းမာရေးပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကန်သာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ကန်ပတ်လမ်းနှစ်ခုပါရှိပြီး အောက်ဆင့်ကန်ပတ်လမ်းနှင့် အပေါ်ကန်ပတ်လမ်းကို Brick Block များဖြင့် လျှောက်လမ်းခင်းခြင်း၊ ကန်သာမင်္ဂလာကန်တော်အတွင်း ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် မြေကာနံရံတည်ဆောက်ခြင်း၊ မြက်များဖြင့် အလှဆင်ခြင်း၊ ကန်ပေါင်များတွင် လက်ရန်းများ တပ်ဆင်ခြင်း၊ ကန်၏ View Point ကြည့်မည့်နေရာများ ဆောက်လုပ်ခြင်းနှင့် Art Bridge များ တည်ဆောက်ခြင်းလုပ်ငန်းအပါအဝင် ဘက်စုံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၁၆ ခုဖြင့် အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပြည်သူများ စိတ်အပန်းဖြေရာ နေရာတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် အားလပ်ချိန်များတွင် ဒေသခံပြည်သူများက ကန်သာမင်္ဂလာကန်တော်ကြီးသို့ လာရောက်ပြီး ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ ကန်တော်ကြီးအတွင်း မွေးမြူထားရှိသော ငါးများကို ကုသိုလ်ပြုအစာများ ကျွေးမွေးခြင်းတို့ဖြင့် စိတ်အပန်းဖြေ အနားယူကြလေ့ရှိသဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

**အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ကန်သာကန်ကြီးကို ပြည်သူများ စိတ်အပန်းဖြေစရာနေရာ (ကန်သာမင်္ဂလာကန်တော်ကြီး) အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့သဖြင့် အားလပ်ချိန်များတွင် ဒေသခံပြည်သူများက လာရောက်စိတ်အပန်းဖြေ အနားယူကြသူများ၍ ကန်တော်အနီးရှိ စားသောက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ မြန်မာ့ရိုးရာအစားအစာ (မုန့်) ပြုလုပ်ရောင်းကြသည့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များအတွက် စီးပွားရေးအခွင့်အလမ်းများ များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

❖ ကျောဖုံးမှ

အသင်းသစ် ရန်ကုန်အသင်းသည် ပထမပိုင်းတွင် သွင်းယူသည့်နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဂိုးများပြန်ပေးလိုက်ရသဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက မထင်မှတ်ဘဲ ဖိအားပေးကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ဇင်မိုးပြည့်က ၁၄၊ ၂၉ မိနစ်တွင် ဂိုးများသွင်းယူပြီး ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ချေပဂိုးရရန် အားထည့်ကစားလာပြီး ၅၅ မိနစ်တွင် ဆုပြည့်ပြည့်ကျော်က ပထမချေပဂိုး၊ ၇၉ မိနစ်တွင် လင်းလဲ့ဦးက ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ပထမဆုံးပွဲတွင် အမှတ်ရရန် ကြိုးပမ်းခဲ့သော်လည်း ၉၀+၃ မိနစ်တွင် လင်းမြင့်မိုရ်က အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုး သွင်းယူခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက Young Lionesses အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၆၉ မိနစ်တွင် မေသက်ဦး၊ ၄၃ မိနစ်တွင် မိုးမိုးသန်းနှင့် မိနစ် ၉၀ တွင် စန္ဒာလင်းတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁) ဒုတိယနေ့အဖြစ် ဇွန် ၁၅ ရက်တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MWL

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၄၀ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၁၀ | ၂၇၀၀ |
| 95 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၃၅ | ၂၀၉၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၀ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၄၀၅ | ၂၈၀၅ |
| HSD (500 ppm) | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၈၀ | ၂၀၀၀ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၆၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၀၂၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၉၀ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၆၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၃၄၅ | ၂၈၆၅ |
| HSD (10 ppm) | ၂၀၂၅ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၉၀ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၆၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၅ | ၂၃၄၅ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၆ | ၁၉၅၈ |
| 95 Ron | ၁၉၈၁ | ၂၀၅၄ |
| HSD (500 ppm) | ၁၈၄၆ | ၁၉၁၂ |
| HSD (50 ppm) | ၁၉၂၀ | ၁၉၈၈ |
| HSD (10 ppm) | ၁၉၂၀ | ၁၉၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၆၂၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၉) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၅၄,၈၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၇၉၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၇၈၉) ဦးရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကယားပြည်နယ်တွင် ချင်းဈေးနှုန်းများ ဆက်လက်မြင့်တက်



လွိုင်ကော် ဇွန် ၁၄

ကယားပြည်နယ်တွင် ချင်းကို လွိုင်ကော်မြို့နယ်ရှိ ကုန်းသာကျေးရွာနှင့် ကယားပြည်နယ်၏ အနောက်ပိုင်းတွင်ရှိသော လွိုင်နန်းဖကျေးရွာ၊ ပန်ပက်ကျေးရွာ၊ လိုဘာခိုကျေးရွာ၊ ဒေါရောက်ခူကျေးရွာတို့၌ အဓိကစိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ်ရှိ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်မြို့၊ ဖယ်ခုံမြို့နယ်တို့မှလည်း မှာယူတင်သွင်းရောင်းချလျက်ရှိကြောင်း သိရသည်။

ဇွန်လဒုတိယပတ် ဈေးကွက်အတွင်း၌ ချင်းတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ ၅၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ယခင် မေလဒုတိယပတ်တွင် ချင်းတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ခန့်သာရှိခဲ့ပြီး ယခုလဒုတိယပတ်နှင့် ယခင်မေလ ဒုတိယပတ်ဈေးနှုန်းများကို နှိုင်းယှဉ်လျှင် ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ငွေကျပ် ၁၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ချင်းစိုက်တောင်သူများသည် စိုက်ဧက အနည်းငယ်သာစိုက်ပျိုးနိုင်ပြီး ထုတ်လုပ်နိုင်မှု လျော့နည်းလာခြင်းကြောင့် ချင်းဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

# ဆိပ်ဖြူမြို့တွင်ဖြစ်ပေါ်နေသော ကြက်သွန်နီ ဈေးနှုန်း/ဈေးကွက်



ဆိပ်ဖြူ ဇွန် ၁၄

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ရှိ ကြက်သွန်နီ ကုန်စည်ဒိုင်နှင့် ပွဲရုံများတွင် ၂၀၂၃ ခုနှစ် ဇွန်လ (ပထမပတ်)အတွင်း တစ်ရက်လျှင် ကြက်သွန်နီ ပျမ်းမျှ ပိဿာချိန် လေးသောင်းခန့် တစ်ပတ်အတွင်း စုစုပေါင်း ပိဿာ နှစ်သိန်းခွဲခန့် ဈေးကွက်သို့ ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဇွန်လပထမပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေးထိပ်စ(ရှယ်) ငွေကျပ် ၁၉၀၀ မှ ၂၀၂၅ ကျပ်၊ အလတ်စ ငွေကျပ် ၁၈၀၀ မှ ၁၈၅၀၊ အနိမ့်ဈေး ၁၆၂၅ ကျပ်မှ ၁၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုပတ်၌ ကြက်သွန်နီထိပ်စ အမြင့်ဆုံးဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ယခုအပတ်တွင် ထိပ်စ (ရှယ်) ၁၂၅ ကျပ်၊ အလတ်စနှင့် အနိမ့်စတို့မှာ ငွေကျပ် ၁၀၀ စီခန့် ဈေးနှုန်း မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# Japan Jewellery Fair 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်

ရန်ကုန် ဇွန် ၁၄

Japan Jewellery Fair 2023 ကို ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Big Sight East Hall ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား ပြခန်းများ ပါဝင်ပြသနိုင်ရန် ဖိတ်ကြားလာသည်။

**ခင်းကျင်းပြသမည်**

အဆိုပါပြပွဲအား ဟောင်ကောင် အထူးအုပ်ချုပ်ရေး ဒေသတွင် ကမ္ဘာ့အကြီးဆုံး ကျောက်မျက်ရတနာပြပွဲကို ဦးဆောင်ကျင်းပခဲ့သည့် Informa Markets Japan နှင့် Japan Jewellery Association တို့က ကြီးမှူးကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ကုမ္ပဏီ ၄၀၀ ကျော်က ကျောက်မျက်ရတနာများ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။ ■

# China– ASEAN Sugar Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

ရန်ကုန် ဇွန် ၁၄

China–ASEAN Sugar Expo 2023 ကို တရုတ်နိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Center ၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များအား ပြခန်းများ ပါဝင်ပြသရန် ဖိတ်ကြားလာသည်။

**အခမဲ့ထောက်ပံ့ပေးမည်**

ပြပွဲအကျယ်အဝန်းမှာ စတုရန်းမီတာ ၃၀၀၀၀ ရှိပြီး ပုံမှန်ပြခန်းတစ်ခန်းလျှင် ယွမ် ၇၀၀၀ နှင့် ၃၆ စတုရန်းမီတာနှင့်အထက်ကို တစ်စတုရန်းမီတာလျှင် ယွမ် ၇၀၀ ကျသင့်မည်ဖြစ်သည်။ အာဆီယံနိုင်ငံများအတွက် သုံးမီတာပတ်လည် ပုံမှန်ပြခန်း လေးခန်း (သို့မဟုတ်) ၃၆ စတုရန်းမီတာ အကျယ်အဝန်းကို အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ပြီး လိုအပ်ပါက ပုံမှန်ပြခန်းတစ်ခန်းလျှင် ယွမ် ၂၅၀၀ နှင့် ၃၆ စတုရန်းမီတာ အထက်ကို တစ်စတုရန်းမီတာလျှင် ယွမ် ၂၅၀ ဖြင့် ဈေးနှုန်းလျှော့ပေါ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပြည်တွင်းနှင့် နိုင်ငံတကာမှ ထင်ရှားသည့် သကြားနှင့် ဆက်စပ်လုပ်ငန်းရှင်များ ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲ၌ စားသုံးနိုင်သော သကြား၊ သကြားထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးမှုဆိုင်ရာ ကိရိယာများကို တရုတ်၊ ဘရာဇီး၊ ထိုင်းနှင့် ရုရှားတို့ကဲ့သို့သော သကြားအဓိက ထုတ်လုပ်သည့် နိုင်ငံများက ပြသမည်ဖြစ်ပြီး သကြားနှင့် ဆက်စပ်သော အစားအစာများ၊ ကော်ဖီစေ့များ၊ သစ်သီးများ၊ သစ်သီးဖျော်ရည်ကုန်ကြမ်းများ၊ အုန်းရည်၊ ဟင်းရွက်ဆီများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အရှေ့တောင်အာရှမှ ဆန်ကွဲနှင့် ပဲများကဲ့သို့သော ကုန်ကြမ်းပစ္စည်းများ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## ၁၄.၆.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၉၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၁၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၆၃၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၆၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၈၈၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၈၀၀ | ၈၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၇၀၀၀ | ၆၆၀၀ | ၁၇၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၁၀၀ | ၉၀၀၀ | ၇၅၀ | ၇၈၀၀ | ၆၀၀၀ | ၄၇၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၆၆၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၆၀၀၀ | ၇၃၀၀ | ၆၀၀၀ | ၃၃၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၃၆၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၁၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၆၀၀၀ | ၇၅၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၅၆၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၄၀၀ | ၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၅၆၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၇၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၅၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်နှင့် ပဲခူးတွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ ပုသိမ်တွင် ၄၀၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ဘားအံတွင် ၂၀၀ကျပ်၊ ထားဝယ်နှင့် ပုသိမ်တွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ထားဝယ်၊ ပခုက္ကူနှင့် ပြည်တွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၂၀၀ကျပ်၊ မုံရွာတွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ထားဝယ်တွင် ၆၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် တောင်ကြီး၊ မြိတ်နှင့် ရန်ကုန်တွင် ၅၀၀ကျပ်၊ ထားဝယ်တွင် ၁၀၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင် ဘားအံတွင် ၈၀၀ကျပ်၊ ထားဝယ်တွင် ၂၀၀ကျပ်၊ ကုလားပဲဝါတွင် ဘားအံနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ရန်ကုန်တွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၈၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ ကြက်သား၊ ဝက်သားနှင့် ဆိတ်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ်၊ အမဲသား နှင့် ငါးမြစ်ချင်း တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ ဈေးကျခဲ့ပါသည်။

## ရန်ကုန်တက္ကသိုလ်
## ဒုတိယအကြိမ်
## အိတ်ဖွင့်ဈေးနှုန်းလွှာ တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ ဆိုင်ခန်း(၃၃)ခန်း ဖွင့်လှစ်ရောင်းချရေးနှင့် အားကစားရုံ(သထုံလမ်း)၊ အားကစားရုံ(လှိုင်နယ်မြေ)၊ တို့အား ငှားရမ်းလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို တစ်စောင်လျှင် ကျပ်၂၀၀၀/-နှုန်းဖြင့် ရန်ကုန်တက္ကသိုလ်၊ စီမံရေးရာဌာနတွင် (၁၅-၆-၂၀၂၃)ရက်နေ့ နံနက်(၁၀:၀၀)နာရီမှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၈-၆-၂၀၂၃)ရက်နေ့ မွန်းလွဲ(၁၄:၀၀)နာရီဖြစ်ပါသည်။

၄။ တင်ဒါဖွင့်ရက်မှာ (၃၀-၆-၂၀၂၃)ရက်နေ့ မွန်းလွဲ(၁:၀၀)နာရီဖြစ်ပါသည်။

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်းနံပါတ် (၀၉-၄၄၈၀၂၂၂၂၀၊ ၀၉-၄၄၈၈၈၈၇၅၂)သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရွေးချယ်ရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၃၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ အနက်မှ တတိယထပ် (တိုက်ကို မျက်နှာမူ- ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၂၅ x ၅၅)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ မီးအစုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအီလီယါစ် [၁၂/ဗတထ(နိုင်)၀၄၆၃၅၀] မှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးအီလီယါစ်မှ (၁၅-၂-၂၀၂၂)ရက်စွဲပါ "မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်" အရ ယခုရောင်းချသူ ဇနီးဒေါ်ခင်စန္ဒာဝင်း (ခ)ရောဒီယာဘဲဂမ်း [၁၂/ပဘတ(နိုင်)၀၁၀၁၅၀]မှ တရားဝင် ပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၉၂)**

**ဒေါ်နှင်းဝေလွင် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၄၃၀၅)**

**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃**

## ဖခင်အမည်မှန်

ဖားကန့်မြို့၊ အထက (ဖားကန့်)၊ Grade-4 မှ မယွန်းဝတီ၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှဇော် [၁/မကန (နိုင်) ၀၉၃၈၂၁] ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ကျောင်းစုပတုပ်ကျေးရွာတွင် နေထိုင်သော ဒေါ်အိဝေဖြိုး၏ဖခင် ဦးစန်းဝင်း (ခ)ဦးဆန်းဝင်း [၁၂/သခန(နိုင်)၀၁၅၇၃၉]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မကြာဟော်[၁၃/နခန (နိုင်)၁၀၅၅၃၆]၏ ပတ်စ်ပို့နံပါတ်(ME-446512)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၇၉၁၃၃၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလွင်ထွန်းအေး (CDC 111077)၏ S.I.D Smart Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-448017466**
**09-250284135**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းကို [၁၂/ဥကမ(နိုင်)၂၅၉၃၈၅]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-763877871**

## ဥတုရာသီ
## တောကို
## မှီ၏

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီး၊ မြေကွက်အမှတ်(၄၉)ဟု ခေါ်တွင်သော ဦးချစ်ဟန် အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ဒေါ်ယုသန္တာစိုး [၁၂/ရပသ(နိုင်)၀၃၉၇၉၈]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်စိုး [၇/ကတခ(နိုင်) ၀၆၈၁၁၉]ဖြစ်သူမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၂-၆-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ "စာရွက်စာတမ်းအထောက်အထား မူရင်းအပြည့်အစုံ"ဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသူရမျိုးဝင်း LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၄၀၂၄၈/၂၉-၈-၂၀၁၂)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၂၅၄၀၅၆၉၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သဒ္ဒါလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၈၉)၊ (၂၀ ပေx ၆၀ ပေ) အကျယ်အဝန်းရှိ ဦးဘစ်ကရီ အမည်ပေါက် မြေချပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးအောင်မြင့်ကျော် (ဘ) ဦးသောင်းဟန် [၁၄/အဂပ(နိုင်)၀၄၈၄၉၆]၊ အမှတ်(၁၆၉)၊ သုတလမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**ဖုန်း-၀၉-၂၅၄၄၈၈၃၃၀**

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

## သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

## "တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၂၄)၊ မြေညီထပ်၊ (တိုက်ကိုမျက်နှာမူလျှင်-ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခိုင်ဇော်မင်း [၁၂/ပဘတ(နိုင်)၀၂၈၁၁၆]က ကွယ်လွန်သူ ဒေါ်လှမြင့် [၁၂/တမန(နိုင်)၀၈၁၃၈၁]ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူခဲ့ပြီး၊ လက်ရောက်ရရှိပိုင်ဆိုင်ကာ စီမံခန့်ခွဲလျက်ရှိသောတိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၉၂)**

**ဒေါ်နှင်းဝေလွင် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၄၃၀၅)**

**အမှတ်-၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၅၀၆၄၉၅၉**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၂၊ မြေကွက်အမှတ်- ၃၂၊ အကျယ်အဝန်း (၉၅ ပေ /၁၀၀ ပေ x ၉၄ ပေ x ၉၄ ပေ ၆ လက်မ)၊ ဧရိယာ (၀.၂၁၀)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၈၆)၊ ပြည်လမ်း၊ အမှတ် (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သန်းသန်းနွဲ့ [၁၂/ကတတ(နိုင်)၀၁၂၇၁၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးမြတ်သူရိန်ဝင်း [၁၂/မရက(နိုင်) ၁၄၉၀၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၆၀၆၀၇**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ ၈ လမ်း (အရှေ့)၊ အမှတ် ၃၂၉ က + ၃၃၀ ခ ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ (ဆောက်လုပ်ဆဲအဆောက်အဦ)ရှိ မြေညီထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ ပေ x ၅၄ ပေ)ခန့်ရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသည့် (၁) ဦးကျော်ဆန်း [၁၂/ဒပန(နိုင်)၀၄၀၆၀၀]၊ (၂) ဦးသောင်းလှ [၁၂/ဒဂတ(နိုင်)၀၄၅၃၅၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

